# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၅) ရက် ၊ ကြာသပတေးနေ့ ၊ (22-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**စစ်တွေ ဇွန် ၂၁**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိ၊ မရှိအခြေအနေ၊ ဆရာနှင့် ကျောင်းသားအချိုးမျှတမှုရှိမရှိအခြေအနေ၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုအခြေအနေများနှင့် ဆက်လက်ပြုပြင်သွားမည့်အစီအမံများကို လိုက်လံကြည့်ရှုမေးမြန်းပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့



**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ**

စာမျက်နှာ - ၂၀

**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်**

စာမျက်နှာ - ၁၉




ရတနာပုံ

၂၀၁၃ ခုနှစ် ဇွန် ၂၂ ရက်

အယ်ဒီတာ့အာဘော်

# ခြင်အန္တရာယ် နှိမ်နင်းကာကွယ်

ကမ္ဘာပေါ်တွင် ခြင်ကို အန္တရာယ်ရှိသောသတ္တဝါအဖြစ် သတ်မှတ်ထားကြသည်။ အကြောင်းမှာ ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာဖြစ်ပွားကြရသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ကလေးငယ်များတွင် ရောဂါမျိုးစုံ အများဆုံးဖြစ်ပွားပြီး သေဆုံးကြရသည်။

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများထဲတွင် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါတို့ ပါဝင်သည်။ မြန်မာနိုင်ငံကဲ့သို့ ပူနွေးစိုစွတ်သော အပူပိုင်းဒေသများတွင် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို နှစ်စဉ်ခံစားနေကြရသည်။ ခြင်ဟု လွယ်ကူစွာခေါ်လိုက်သော်လည်း ခြင်ထဲတွင် မျိုးကွဲပေါင်းများစွာရှိနေသည်ဟု သုတေသီများက ဆိုထားကြသည်။

ကံကောင်းသည့်အချက်မှာ ခြင်တိုင်းသည် လူသွေးကိုမကြိုက်သကဲ့သို့ ခြင်တိုင်းသည်လည်း ရောဂါပိုးအမျိုးမျိုးကို ကူးစက်ပျံ့နှံ့နိုင်ခြင်းမရှိသည့်အချက်ပင်ဖြစ်သည်။ ဥပမာအားဖြင့် သွေးလွန်တုပ်ကွေးရောဂါဗိုင်းရပ်ပိုးကို သယ်ဆောင်နိုင်သည့်ခြင်မှာ အေးဒိစ်ခေါ် ခြင်ကျားမျိုးဖြစ်ပြီး ငှက်ဖျားရောဂါကို သယ်ဆောင်နိုင်သည့်ခြင်မှာ အနောဖလိခြင်မျိုးဖြစ်သည်။ အချို့ခြင်များက လူသွေးကို ကြိုက်သော်လည်း အချို့ခြင်များက ခွေး၊ ကြောင်၊ နွား၊ မြင်း၊ ဝက် စသည့်တိရစ္ဆာန်တို့၏ သွေးကို ကြိုက်ကြသည်။

ခြင်များသည် ဘဝစက်ဝန်းအဖြစ် ခြင်ဥ၊ သားလောင်း(ပိုးလောက်လမ်း)၊ ပိုးတုံးလုံးနှင့် သက်ကြီးခြင်ဟူ၍ အဆင့်လေးဆင့်ကို ဖြတ်ကျော်ရလေ့ရှိသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ ခြင်မများကသာ လူကိုကိုက်၍ သွေးစုပ်ယူကြခြင်းဖြစ်သည်။ အကြောင်းမှာ ခြင်ဥများဖွံ့ဖြိုးရန် လိုအပ်သော အာဟာရကို သွေးစုပ်ယူ၍ ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ခြင်ဥများသည် ခြင်အမျိုးအစားကွဲပြားမှုအပေါ်မူတည်ကာ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကြသည်။ ဥပမာအားဖြင့် သွေးလွန်တုပ်ကွေးရောဂါဗိုင်းရပ်ပိုးကို သယ်ဆောင်တတ်သော အေးဒိစ်ခေါ် ခြင်ကျား၏ ဥများသည် ရာသီဥတုပူပြင်းခြောက်သွေ့လွန်းသော နွေကာလများတွင်ပင် ပျက်စီးသွားခြင်းမရှိဘဲ ရှိနေနိုင်သည်။ ထို့ကြောင့် ရာသီဥတုမရွေး ခြင်အန္တရာယ်ကို သတိထားကာကွယ်နေကြရမည်ဖြစ်သည်။

လူတို့အနေဖြင့် ခြင်အန္တရာယ်ကာကွယ်နှိမ်နင်းရေးလုပ်ဆောင်ရာတွင် ခြင်သားလောင်း (ပိုးလောက်လမ်း) နှိမ်နင်းခြင်း၊ ခြင်ကောင်နှိမ်နင်းခြင်းနှင့် ခြင်မကိုက်အောင် ကာကွယ်ခြင်းဟူ၍ နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ကြသည်။ ထို့ပြင် ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်းတို့ဖြင့်လည်း ကာကွယ်နှိမ်နင်းကြသည်။

ခြင်ဆေးခွေထွန်းခြင်းသည် ခြင်အန္တရာယ်ကို ကာကွယ်နိုင်သော်လည်း ခြင်ဆေးခွေထွန်းရာမှ နောက်ဆက်တွဲဆိုးကျိုးများကိုလည်း သတိထားကြရမည်ဖြစ်သည်။ ခြင်ဆေးငွေ့ကို ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သော ပန်းနာရင်ကျပ်၊ အဆုတ်ကင်ဆာရောဂါ စသည်တို့ကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ခြင်ဆေးခွေကို အလုံပိတ်အခန်းများတွင်မထွန်းဘဲ လေဝင်လေထွက်ကောင်းသောအခန်းများတွင်သာ ထွန်းညှိကြရမည်ကို သတိပြုကြရန် လိုပေသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်းအနေဖြင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမဖြစ်စေရေး၊ ခြင်ကိုက်ခံရမှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ခြင်များကို သားလောင်းကတည်းကစ၍ နှိမ်နင်းရှင်းလင်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း နယ်စုံဒေသများမှထွက်ရှိသည့် ရွေးပြီးငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးရှိ



**မန္တလေး ဇွန် ၂၁**

မန္တလေးဈေးကွက်အတွင်း နယ်စုံဒေသများမှ ထွက်ရှိသည့် ရွေးပြီး ငရုတ်သီးအစိုများ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

အဆိုပါ ငရုတ်သီးများကို ယခုအခါ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ မိတ္ထီလာမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့မှ ထွက်ရှိနေပြီး ထွက်ရှိလာသည့် ငရုတ်သီးများကို ခူးဆွတ်ကာ မန္တလေး ဈေးကွက်အတွင်းသို့ ရောင်းချရာ တောထုတ်ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှင့် ရွေးပြီး ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးဖြင့် ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုချိန်က နယ်စုံဒေသကတော့ ငရုတ်သီးတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ငရုတ်သီးတွေကို တောင်သူတွေက မန္တလေးဈေးကွက်ကို ရောင်းချတဲ့အခါ အစိုဈေး တစ်ပိဿာကို တောထုတ်အနေနဲ့ ငွေကျပ် ၆၀၀၀ ရှိနေပြီးတော့ ရွေးပြီးဆိုရင်တော့ ငွေကျပ် ၆၅၀၀ ဈေးရှိနေပါတယ်။ ပြီးခဲ့တဲ့လတွေက တစ်ပိဿာကို ငွေကျပ် ၄၀၀၀ ဈေးရှိခဲ့ပါတယ်။ ငရုတ်သီးဈေးကတော့ အသင့်အတင့်ကောင်းပါတယ်။ တောင်သူတွေအတွက်ကတော့ အဆင်ပြေတယ်လို့ ပြောလို့ရပါတယ်။ ငရုတ်သီးအစိုတွေကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကိုလဲ ရောင်းချနေပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

အဆိုပါ ငရုတ်သီးအစိုများကို ပြည်ပနိုင်ငံများသို့ Export တင်ပို့ရောင်းချရာ ပြည်ပဖောက်သည်နိုင်ငံများက ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိပြီး ပြည်တွင်းဈေးကွက်၌လည်း ဈေးကောင်းကောင်းဖြင့် ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ အဆိုပါငရုတ်သီးများကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းပြည်နယ်ရှိ ဒေသများ၌ စိုက်ပျိုးပြီး တင်ပို့ ရောင်းချနေကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းသဖြင့် ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ခန့် ပေါက်ဈေးရှိလာ

**မန္တလေး ဇွန် ၂၁**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လာသဖြင့် ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ခန့် ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း၊ အဆိုပါ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ဗမာ)များကို ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရေဦးဘက်ကထွက်တဲ့ ပဲပုပ်တွေကို မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကတော့ ပြည်တွင်းကထွက်ရှိတဲ့ ပဲပုပ်တွေကို မှာယူမှုက အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲပုပ် (ဗမာ)ဈေးနှုန်းမှာ ဇွန်လပထမပတ်က ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ခန့်သာရှိခဲ့သော်လည်း ယခုလက်ရှိ ပဲပုပ်(ဗမာ) များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဇွန် ၂၀ ရက်က ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ခန့် ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ပဲပုပ်(ရှမ်း)များလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပြီး ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာလည်း ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၈၀၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးမှ ဖန်းမော်၊ ပုဂံဒေသ ရေလမ်းကြောင်းများသို့သွားရောက်မည့် ခရီးသည်တင်သင်္ဘောများအတွက် ကျွမ်းကျင်ရေကြောင်းပြများ ငှားရမ်းပေးမည်

**မန္တလေး ဇွန် ၂၁**

မိုးတွင်းကာလတွင် မန္တလေးမှ ဗန်းမော်၊ ပုဂံဒေသ ရေလမ်းကြောင်းများသို့ သွားရောက်မည့် ခရီးသည်တင်သင်္ဘောများအတွက် ကျွမ်းကျင်ရေကြောင်းပြများ ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ မိုးကာလဖြစ်သည့်အတွက် မန္တလေးဆိပ်ကမ်းမှ ပုဂ္ဂလိက လုပ်ငန်းရှင်များအပြင် ခရီးသည်တင်ဆောင်ကာ ပြေးဆွဲနေသည့် သင်္ဘောများအနေဖြင့် ရေများချိန်ကာလဖြစ်သောကြောင့် ပုဂံဒေသနှင့် ဗန်းမော်ဘက်သို့ သွားရောက်ရာတွင် သင်္ဘောများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ကျွမ်းကျင်ရေကြောင်းပြများကို တစ်မိုင်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုက မိုးတွင်းကာလဖြစ်တဲ့အပြင် ဧရာဝတီမြစ် ရေများချိန်ကာလဖြစ်တာကြောင့် ခရီးသည်တင်သင်္ဘောတွေအနေနဲ့ ပုံမှန်ကမင်းကွန်းဘက်လောက်ပဲ အသွားများတယ်။ ပုဂံနဲ့ ဗန်းမော်ဘက်ကို အသွားအလာနည်းတော့ ရေကြောင်း အနေအထားကိုမသိကြဘူး။ ရေကြောင်းကိုမသိတဲ့အတွက် ရေအနက်မရှိတဲ့နေရာတွေရောက်သွားရင် အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် ရေလမ်းကြောင်းကို ညွှန်ပြပေးမဲ့ ကျွမ်းကျင်တဲ့ ရေကြောင်းပြတွေကို ငှားရမ်းပေးသွားမှာပါ။ ကျွမ်းကျင်တဲ့ရေကြောင်းပြတွေကို မိမိတို့သွားလိုတဲ့ ခရီးရဲ့မိုင်အလိုက် အခကြေးငွေနဲ့ ငှားရမ်းပေးသွားမှာပါ။ တစ်မိုင်ကို ငွေကျပ် ၃၀၀၀ သတ်မှတ်ထားပါတယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ ဇာတည်းအဖွဲ့–၀၃၃–၇၂၇၀၁၀၉–၄၅၈၈၉၁၃၀၀၊ကြော်ငြာ–၈၄လမ်းနှင့်၂၉–၃၀လမ်းကြား–၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လူးတားကဗျာသမိုင်း(၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**လူးတားစာဆိုများ**

လူးတားစာဆိုများကို စုစည်းကြည့်ရာတွင် အစောဆုံး ပထမအင်းဝခေတ်ကာလမှ ရတနာပုံခေတ်ထိ စုစုပေါင်း ၁၈ ဦးကို တွေ့ရသည်။ တွေ့ရသမျှ လူးတားစာဆိုများတွင် အချို့စာဆိုတို့၏ဘဝအကြောင်းကို ပြည့်ပြည့်စုံစုံတွေ့ရသော်လည်း တချို့မှာ အမည်မျှလောက်သာ တွေ့ရသည်။ ဘဝအတ္ထုပ္ပတ္တိကို ရေရေရာရာမသိရပေ။ အချို့စာဆိုတို့မှာ ဘဝတစ်စိတ်တစ်ဒေသမျှလောက်သာ သိရသည်။ မည်သို့ပင်ဖြစ်စေ ရသမျှလူးတားစာဆိုတို့အကြောင်းကို မှတ်တမ်းတင်ရပေမည်။ တွေ့ရသမျှ လူးတားစာဆိုစာရင်းမှာ ဤသို့ဖြစ်သည်။

ရှင်ဥတ္တမကျော်၊ နဝဒေးကြီး၊ ပဲခူးမိဖုရား၊ ဆီသည်ရွာစားဦးအောင်ကြီး၊ စိန္တကျော်သူဦးဩ၊ ပျံချီရွှေတောင်၊ ရွှေကျောင်းဦးပု၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညို၊ နန္ဒမိတ်၊ မြဝတီမင်းကြီးဦးစ၊ ဝက်မစွတ်နဝဒေး၊ ဦးမင်း၊ ဦးပေါ်ဦး၊ ရွှေယင်းမာရွာစား၊ မဟာဓမ္မသင်္ကြံ၊ ဦးယာ၊ ကင်းဝန်မင်းကြီး၊ ဝက်မစွတ်ဝန်ထောက်ဦးလတ်တို့ဖြစ်သည်။

အထက်ပါစာရင်းတွင် ရှင်ဥတ္တမကျော်သည် ပထမအင်းဝခေတ်တွင်ပေါ်ထွန်းခဲ့သော စာဆိုဖြစ်သည်။ နဝဒေးကြီးနှင့် ပဲခူးမိဖုရားမှာ တောင်ငူခေတ်တွင် ပေါ်ထွန်းခဲ့သော စာဆိုတော်နှစ်ဦးဖြစ်သည်။ ဆီသည်ရွာစားဦးအောင်ကြီးကား ညောင်ရမ်းခေတ် ခေါ် ဒုတိယအင်းဝခေတ်တွင်ပေါ်ထွန်းခဲ့သော စာဆိုဖြစ်သည်။ ထူးထူးခြားခြား ညောင်ရမ်းခေတ်တွင် လူးတားစာဆိုအဖြစ် ဆီသည်ရွာစားဦးအောင်ကြီးတစ်ဦးသာ တွေ့ရသည်။ အခြားလူးတားစာဆိုတို့သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သောစာဆိုတို့သာဖြစ်သည်။ ထိုစာဆိုတို့၏ဘဝအကြောင်းကို ဖော်ပြပါမည်။

**၁။ ရှင်ဥတ္တမကျော်**

ရှင်ဥတ္တမကျော်သည် ပထမအင်းဝခေတ် စာဆိုတော်တစ်ဦးဖြစ်သည်။ ဇာတိမှာ တောင်တွင်းကြီးမြို့ မြို့လုလင်ရွာဇာတိဖြစ်သည်။ အဖဦးသောကြာ၊ အမိဒေါ်နှင်းဆီတို့က သက္ကရာဇ် ၈၁၅ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်ဥက္ကာဖြစ်သည်။ ရှင်မဟာသီလဝံသနှင့်တစ်ရပ်တည်းသားဖြစ်သည်။ ရှင်မဟာသီလဝံသ၏ငယ်မည်မှာ မောင်ညိုဖြစ်သည်။ ရှင်ဥတ္တမကျော်နှင့် ရှင်မဟာသီလဝံသသည် ပေလေးပင် ရှင်လေးပါးသိုက်ဝင်စာဆိုတော်များဖြစ်သည်။

ရှင်ဥတ္တမကျော်သည် ငယ်စဉ်ကပင် ဉာဏ်ထက်မြက်သည်။ ရှင်မဟာသီလဝံသနှင့်အတူ နတ်မှီးလင်းဆရာတော်ထံ ပညာသင်ကြားသည်။ အသက် ၁၅ နှစ်သက္ကရာဇ် ၈၃၀ ပြည့်နှစ်တွင် ရှင်သာမဏေပြုသည်။ တနင်္ဂနွေသားဖြစ်သောကြောင့် ရှင်ဥတ္တမဟု ဘွဲ့မည်တွင်သည်။ သက္ကရာဇ် ၈၃၅ ခုနှစ်တွင် ရဟန်းပြုသည်။ ရှင်ဥတ္တမကျော်သည် ပြည်မြို့သို့ ကြွရောက်ကာ ပုံတောင်နိုင်ဆရာတော်ထံတွင် စာပေပညာများသင်ယူခဲ့သည်။ ရှင်ဥတ္တမကျော်သည် ပညာစုံသောအခါ အင်းဝနေပြည်တော်သို့ ကြွတော်မူသည်။ ရှင်ဥတ္တမကျော် အင်းဝနေပြည်တော်သို့ ကြွရောက်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်အသားနှစ်မျိုးကွဲသည်။

ပထမတစ်မျိုးမှာ ရှင်ဥတ္တမကျော်သည် သက္ကရာဇ် ၈၅၉ ခုနှစ်တွင် တောင်တွင်းကြီးမြို့မှ အင်းဝမြို့သို့ကြွတော်မူသည်။ စစ်ကိုင်းမြို့တွင် ငယ်သူငယ်ချင်းဖြစ်သူ ရှင်မဟာသီလဝံသ၏ ရတနာဗိမာန်ကျောင်းသို့ ကြွရောက်သီတင်းသုံးသည်။ ရှင်ဥတ္တမကျော် အင်းဝသို့ကြွလာသောအခါက အင်းဝမြို့ပြင်စည်တန်းတွင် စကားပြောအရာ မောက်မာပြီး ရဟန်းများကို စကားဖြင့်အနိုင်ယူတတ်သော မောင်ကျပန်းနှင့်တွေ့သည်။ မောင်ကျပန်း၏မာန်စွယ်ကို ချိုးနှိမ်ကာ ရှင်ဥတ္တမကျော်က ဆုံးမသည်။ ထိုအခါမှစ၍ မှူရင်းဘွဲ့အမည် ရှင်ဥတ္တမတွင် ကျော်တစ်လုံးတိုးကာ ရှင်ဥတ္တမကျော် ဖြစ်လာသည်ဟု ဆိုကြသည်။ ထိုသတင်းကို အင်းဝဘုရင် ဒုတိယမင်းခေါင်ကြားသိတော်မူသောအခါ ရွှေနန်းတော်အတွင်းသို့ ပင့်ဖိတ်၍ အင်းဝနေပြည်တော်တွင် သီတင်းသုံးရန် လျှောက်ထားသည်။ ရှင်ဥတ္တမကျော်က လက်မခံဘဲ တောင်တွင်းကြီးမြို့သို့သာ ပြန်လည်သီတင်းသုံးခဲ့သည်။ သက္ကရာဇ် ၈၈၂ ခုနှစ်တွင် အင်းဝဘုရင် ရွှေနန်းကြော့ရှင်က ရှင်ဥတ္တမကျော်ကို အင်းဝသို့ တစ်ဖန်ပင့်ဖိတ်ပြန်သောကြောင့် အင်းဝနေပြည်တော်သို့ ဒုတိယအကြိမ်ကြွရသည်။ ရွှေနန်းကြော့ရှင်နရပတိက အင်းဝမြို့၌ သီတင်းသုံးရန်အကြိမ်ကြိမ်တောင်းပန်သော်လည်း ရှင်ဥတ္တမကျော်သည် တောင်တွင်းကြီးမြို့သို့သာ ပြန်ကြွသည်။ ဤမှာ ရှင်ဥတ္တမကျော် အင်းဝသို့ကြွသည့်အကြောင်း ပထမတစ်မျိုးပင်ဖြစ်သည်။

❖ ရှင်ဥတ္တမကျော်သည် ပထမအင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သောစာဆိုဖြစ်သည်။ နဝဒေးကြီးနှင့် ပဲခူးမိဖုရားမှာ တောင်ငူခေတ်တွင် ပေါ်ထွန်းခဲ့သော စာဆိုတော်နှစ်ဦးဖြစ်သည်။ ဆီသည်ရွာစားဦးအောင်ကြီးကား ညောင်ရမ်းခေတ် ခေါ် ဒုတိယအင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သောစာဆိုဖြစ်သည်။ ထူးထူးခြားခြား ညောင်ရမ်းခေတ်တွင်လူးတားစာဆိုအဖြစ် ဆီသည်ရွာစားဦးအောင်ကြီးတစ်ဦးသာ တွေ့ရသည်။ အခြားလူးတားစာဆိုတို့သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော စာဆိုတို့သာဖြစ်သည်။ ❖

နောက်တစ်မျိုးမှာ အထက်ပါအကြောင်းအရာနှင့် လုံးလုံးလျားလျားကွဲတော့သည်။ ရှင်ဥတ္တမကျော်သည် ပြည်မြို့ ပုံတောင်နိုင်ဘုန်းတော်ကြီးထံ၌ ပညာသင်ကြားနေစဉ် ရှင်ဥတ္တမကျော်၏ ကျော်စောသတင်းသည် အင်းဝနေပြည်တော်ထိ ပျံ့နှံ့နေ၏။ ဒုတိယမင်းခေါင်၏ ရွှေနားတော်ထိပေါက်ကြားကာ ထင်ရှားနေသည်။ တစ်နေ့တွင် မဏိပူရကသည်းပြည်မှ သံအမတ်တို့သည် အင်းဝမြို့သို့ရောက်လာသည်။ ရောက်လာရသည့်အကြောင်းမှာ အမေးပုစ္ဆာမေးလို၍ဖြစ်သည်။ မဏိပူရကသည်းပြည်မှအမေးကိုဖြေရန် ပြည်မြို့၌ သီတင်းသုံးနေသော ရှင်ဥတ္တမကျော်ကို ပင့်ရသည်။ ရှင်ဥတ္တမကျော်သည် အင်းဝမြို့ ရန်အောင်မြင်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ပြီး မဏိပူရကသည်းပြည်မှ အမေးတို့ကို ဖြေဆိုသည်။ သံအမတ်တို့သည် ရှင်ဥတ္တမကျော်၏အဖြေကို နှစ်သက်ကြ၍ မဏိပူရကသည်းပြည်သို့ပြန်ကာ မဏိပူရမင်းကြီးအား လျှောက်ထားသည်။ မဏိပူရမင်းကြီးသည် လွန်စွာနှစ်သက်ဝမ်းမြောက်သည်။

ထိုအကြောင်းကို ဒုတိယမင်းခေါင်ကြားရလျှင် လွန်စွာနှစ်သက်ဝမ်းမြောက်တော်မူသည်။ ရှင်ဥတ္တမကျော်ကိုလည်း မင်းဆရာအဖြစ်ကိုးကွယ်သည်။ အဝေးနိုင်ငံရပ်ခြားမှမေးလာသော အမေးပုစ္ဆာများကိုဖြေရန် ရှင်ဥတ္တမကျော်အား အပ်နှင်းထားသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့ကို ပရိယတ္တိ၊ ပဋိပတ္တိ အစရှိသော သာသနာရေးကိစ္စများကိုသာဆောင်ရွက်ရန် အမိန့်တော်ထားသည်။

တစ်ဖန် ရခိုင်ပြည်ကို အစိုးရသော ရခိုင်မင်းက ဒုတိယမင်းခေါင်ထံ ပုစ္ဆာမေးစေလွှတ်သည်။ ထိုအချိန်တွင် ရှင်ဥတ္တမကျော်မှာ ပြည်မြို့သို့ ရောက်နေသောကြောင့် အင်းဝနေပြည်တော်သို့ကြွရန် ပင့်ဖိတ်ရပြန်သည်။ ရှင်ဥတ္တမကျော်သည် ပြည်မှ အင်းဝမြို့သို့ကြွလာစဉ် လမ်းခရီးတွင် ပုဂံမြို့၌တစ်ထောက်နားသည်။ ထိုသို့နားနေစဉ် ပုဂံသားမောင်ကျပန်းကို မာန်စွယ်နှိမ်ကာ ဆုံးမတော်မူသည်။ မောင်ကျပန်းမှာ ဝန်ချတောင်းပန်ရသည်။ ထို့နောက် ရှင်ဥတ္တမကျော်သည် ပုဂံမြို့မှ အင်းဝသို့ဆန်တက်တော်မူသည်။

ဤမှာ မောင်ကျပန်းအကြောင်းနှင့်စပ်လျဉ်း၍ လွန်စွာကွဲပြားတော့သည်။ ပထမမူသည် အင်းဝမြို့တွင် မောင်ကျပန်းကို ဆုံးမသည်ဟုဆိုသည်။ ဒုတိယမူသည် ပုဂံမြို့၌ ဆုံးမသည်ဟုဆိုသည်။ ပထမမူသည် ကဝိသေနင်္ဂဗျူဟာကျမ်းအတိုင်းဖြစ်ပြီး ဒုတိယမူသည် မော်ပီဆရာသိန်း၏မှတ်တမ်းအတိုင်းဖြစ်သည်။ ကဝိသေနင်္ဂဗျူဟာကျမ်းလာအဆိုအမိန့်သည် သိသူများသည်။ မော်ပီဆရာသိန်း၏အဆိုအမိန့်မှာ သိသူနည်း၏။ ထိုနှစ်မျိုးတွင် မည်သူမှန်သည်၊ မှားသည်ကို အတပ်မပြောသာသေးပေ။ နှစ်သက်ရာကိုသာ မှတ်သားနိုင်သည်။ ခိုင်လုံသောအထောက်အထားတွေ့မှသာ မည်သည့်အဆိုက မှန်သည်ကို ကွဲပြားစွာပြောနိုင်မည်ဖြစ်သည်။

ရှင်ဥတ္တမကျော်သည် တောင်တွင်းကြီးမြို့၌ သက်တော် ၈၉နှစ်၊ ဝါတော် ၆၉ ဝါ၊ သက္ကရာဇ် ၉၀၄ ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်ဟု ဆိုကြသည်။

ကဝိသေနင်္ဂဗျူဟာကျမ်းအရ ရှင်ဥတ္တမကျော်သည် ကျမ်းပေါင်း ၁၄ ကျမ်းပြုစုခဲ့သည်ဟု သိရသည်။ ရှင်ဥတ္တမကျော်ပြုစုခဲ့သော စာပေများတွင် "စက်ဆယ့်နှစ်လီ"အစချီသော တောလားကြီးကိုးပုဒ်သည် အလွန်ထင်ရှားသည်။ တချို့က ထိုတောလားကို ရှင်ဥတ္တမကျော်ရေးမဟုတ် ကုန်းဘောင်ခေတ်ပေါ် တောလားဟု ယူဆကြသည်။ ထို့ပြင် ရှင်ဥတ္တမကျော်ကို ကျမ်းပေါင်းများစွာပြုစုခဲ့သည်ကိုလည်း လက်မခံလိုကြပေ။ လက်မခံကြသည့်အကြောင်းမှာ လက်ဝဲနော်ရထာမေး၍ တောင်တွင်းဆရာတော်ခင်ကြီးဖျော် ဖြေတော်မူသော လက်ဝဲနော်ရထာလျှောက်ထုံးကျမ်းကြောင့်ဖြစ်သည်။ ထိုကျမ်းတွင် လက်ဝဲနော်ရထာက "ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော် ဆရာစဉ်ပြုစုသည့် ကျမ်းဂန်များကို သိချင်ပါသည်"ဟူသောအမေးကို တောင်တွင်းဆရာတော်ခင်ကြီးဖျော်ကဖြေဆိုရာတွင် အောက်ပါအတိုင်း ဖြေခဲ့သည်။

"ရှင်မဟာသီလဝံသနှင့် ရှင်ဥတ္တမကျော်သည် ငယ်ဆရာတချက်တည်းပင်။ ရှင်ဥတ္တမကျော်မှာ ကျမ်းဂန်ပါဠိပါဠိမပြု။ နရပတိရေလားလင်္ကာတစ်စောင်သာပြုသည်"

အထက်ပါအထောက်အထားအရ ရှင်ဥတ္တမကျော်သည် နရပတိရေလား တစ်စောင်သာပြုစုခဲ့သည်ဟု ယူဆကြခြင်းဖြစ်သည်။ သို့သော် ထိုသူတို့သည် မုံရွေးဆရာတော်ကြီး၏အဆိုအမိန့်ကို သတိလွတ်ခဲ့ကြခြင်းဖြစ်သည်။ မုံရွေးဆရာတော်ပြုစုသော ဂမ္ဘီရကထာ ရတနာကြေးမုံကျမ်း၌ "ရှင်ဥတ္တမကျော် ဆိုတော်မူသည့် လောမျိုးစု၊ ပုဂံဘွဲ့လူးတား၊ နရပတိရေလား" ဟူသောအမှတ်အသားကို တွေ့ရသည်။ ထို့ကြောင့် ရှင်ဥတ္တမကျော်သည် နရပတိရေလားသာ ပြုစုခဲ့သည် ဟူသောအဆိုသည် မှားယွင်းနေသည်။ ယခု မုံရွေးဆရာတော်ကြီး၏ မှတ်တမ်းအရ ပုဂံဘွဲ့လူးတားကိုပါ ရေးသားခဲ့ကြောင်း သိနိုင်ပေသည်။ ဤအရာကိုကြည့်ခြင်းအားဖြင့် ကျမ်းတစ်ကျမ်းတည်းတွေ့ရုံမျှဖြင့် အမှန်အမှားကို ယတိပြတ်ကောက်ချက်မချသင့်ဟူသော ဥပဒေသကို ပြဆိုနေပေသည်။ ထို့ကြောင့် ရှင်ဥတ္တမကျော်သည် ပုဂံမြို့ဘွဲ့လူးတားကို ရေးခဲ့ကြောင်း ထင်ရှားလှပေသည်။

**နဝဒေးကြီး**

နဝဒေးကြီးသည် မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော စာဆိုတော်များတွင် ပထမဆုံးနဝဒေးဘွဲ့ရစာဆိုတော်ကြီးဖြစ်သကဲ့သို့ အလွန်ထင်ရှားသော စာဆိုတော်ကြီးလည်းဖြစ်သည်။ နဝဒေးကြီး၏ ဘဝအကြောင်းကိုလည်း ကျမ်းအသီးသီးတွင် တွေ့မြင်နိုင်ပါသည်။ သို့ဖြစ်သောကြောင့် နဝဒေးအကြောင်းကို အကျယ်မချဲ့တော့ဘဲ ကျွန်တော်စုဆောင်းထားသော "စာဆိုသူတို့အကြောင်း"ပေမူမှ နဝဒေးကြီးအကြောင်းကို ကောက်နုတ်ဖော်ပြလိုက်သည်။

"ပြည်နဝဒေးကြီးအကြောင်းကား၊ သီရိသုဓမ္မရာဇာခံ ပြည်မင်းတရား၊ ရှေးလူတို့ခေါ်သည့် မင်းဘုရင်ထွေးလက်ထက် သမီးတော် နရပတိမယ် အထိန်းသားနရပတိမယ်မောင်။ ပြည်နရပတိလက်ထက် ယောံဘတော်မင်းဘစောကို ကွပ်ညှပ်၍ညှပ်၍ စလင်းစည်သူကျော်ထင်ပေးလျှင် စလင်းကိုရောက်၍ စလင်းလက်ယာတွင်သည်။ ၎င်းနောံ စလင်းပျက်သည်နှင့် အသျှင်စည်သူကျော်ထင် စကိုင်းမှာ မင်းပြုသည်တွင် စလင်းလက်ယာနဝဒေးကြီးဝင်၍ ခယမ်းလျှင် စကိုင်းထောင်သင်းကိုမှူးစေ၍ ထောင်သင်းမင်းတွင်သည်။ ထို့ကြောင့် စကိုင်းထောင်သင်း၊ စလင်းလက်ယာ၊ ပြည်မှာနဝဒေးဟူ၍ မနော်ပျို့မှာစပ်ဆိုသည်။ နဝဒေးရေးသည့်စာစာရင်းကား-

ရတုမှာ ဘုရားတိုင်၊ မိုးတော၊ စစ်ရတု၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ပြည်ဘွဲ့၊ နန်းဘွဲ့ ၅ ရပ်ကို ပိုဒ်စုံပေါင်း ၃၀၀ ကျော် ၄၀၀ ခန့်ဆိုသည်။ ဆင်ဖြူများရှင်လက်ထက် ညီတော် ပြည်သတိုးဓမ္မရာဇာသမီးမင်းတရားမယ်တော်ချင်း၊ မင်းတရားမယ်တော် အမတော်သမီး၊ ဇင်းမယ်နော်ရထာစောတို့သမီး၊ ဘုရင့်နှမတော် ယိုးဒယားမိဖုရားတို့ချင်းကိုလည်း ဆိုသည်။ ဆင်ဖြူများရှင်လက်ထက် ဇင်းမယ်မှာ အိုမစွမ်းမှ နဝဒေးဘွဲ့ကို ခံသည်။ အသက် ၁၀ နှစ်ကျော်က ရတုစာဆိုသည် မနော်ပျို့ဟောင်းကိုလည်း ဆိုသည်။ နတ်ရှင်မယ်တော်ချင်းကိုလည်းဆိုသည်"ဟူ၍ ဖြစ်သည်။

နဝဒေးကြီးရေးဖွဲ့ခဲ့သော ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် ယခင်က တိမ်မြုပ်နေသောလူးတားတစ်စောင်ဖြစ်သည်။ လူးတားမှာ "ထူးထွေလည်ဆန်းစွလေ" အစချီသော လူးတားဖြစ်သည်။ ယခုအခါ ထိုလူးတားမှာ တိမ်မြုပ်နေရာမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။

**ပဲခူးမိဖုရား**

ပဲခူးမိဖုရားမှာ ထင်ရှားသော အမျိုးသမီးစာဆိုတော်တစ်ဦးဖြစ်သော်လည်း ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတွင် နေရာပေးဖော်ပြခဲ့ခြင်းမရှိချေ။ ကွင်းကျန်၍နေခဲ့သည်။ ပဲခူးမိဖုရားသည် တပင်ရွှေထီးမင်း၏ သမီးတော်ဖြစ်သည်။ မယ်တော်မှာ မည်သူဖြစ်သည်ကို မသိရသကဲ့သို့ စာဆိုမွေးဖွားနှစ်ကိုလည်း မသိရပါ။ ဘုရင့်နောင်မင်းတရားကြီးသားတော် ငါးဆူဒါယကာ ခေါ် နန္ဒဘုရင်၏မိဖုရားခေါင်ကြီးဖြစ်သည်။ ပဲခူးမိဖုရား၏ခမည်းတော် တပင်ရွှေထီးမင်းနှင့် ငါးဆူဒါယကာ၏မယ်တော် သခင်ကြီးတို့မှာ မောင်နှမအရင်းဖြစ်သည်။ ထို့ကြောင့် ငါးဆူဒါယကာနှင့် ပဲခူးမိဖုရားသည် မောင်နှမတစ်ဝမ်းကွဲတော်သည်။ ငါးဆူဒါယကာနှင့် ပဲခူးမိဖုရားတို့မှာ သားတော်သုံးပါး၊ သမီးတော်လေးပါး ထွန်းကားခဲ့သည်။ ပဲခူးမိဖုရားသည် သက္ကရာဇ် ၉၆၈ ခုနှစ် ဝါဆိုလတွင် နတ်ရွာစံခဲ့သည်။ ပဲခူးမိဖုရားသည် ရတုများစွာကို ရေးသားခဲ့သည်။ "ရစ်သိုင်းဝေဆာ" အစချီသည့် ဆယ့်နှစ်ရာသီဘွဲ့လူးတားကိုလည်း ရေးသားခဲ့သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၀၀၀ စိုက်ပျိုးပြီးစီး



**ရေဦး ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မိုးစပါးဧက ၈၂၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ဧက ၈၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ မိုးစပါးဧက ၈၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တယ်။ အခု ဧက ၈၀၀၀ စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အချိန်မီစိုက်ပျိုးကြဖို့ နှိုးဆော်နေပါတယ်။ အထွက်နှုန်းကောင်းမျိုးတွေ စိုက်ပျိုးကြဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်စေဖို့၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲဖို့အတွက် ပညာပေးဆောင်ရွက်နေပါတယ်။ ဒါ့ပြင် မိုးစပါးစိုက်ခင်းအတွင်း ပိုးမွှားကျရောက်တာတွေမရှိစေဖို့အတွက် ကာကွယ်ရေးနည်းလမ်းတွေလဲ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၈၁၈၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ရေဦးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲရန်၊ မိုးသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် နွေစပါးဧက ၄၀၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ မေလထိ စိုက်ပျိုးခဲ့ကြရာ နွေစပါး ၇၉၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မနောဖြူစို့

\- ပျက်အစဉ် ပြင်ခဏ
သိမှတ်ရ စကားပုံ၊
အမှားအမှန် ချင့်ချိန်တတ်မှ
မွန်မြတ်သည့်ဂုဏ်၊
လူ့ဘောင်လောက အဖုံဖုံ
ကြုံရပေ အခက်အခဲ၊
အားတင်းကာ ကြိုးစားရင်း
ချစ်ခြင်းတည်မြဲ။

\- သံသရာ ဂယက်ဝဲမှာဖြင့်
လှိုင်းလ၊ ဖွဲ့ အရေးပါ၊
အချိန်ကို အကျိုးရှိရှိ
သုံးကြည့်သေချာ၊
အတ္တစိတ်တို့ ရှောင်ဖယ်ခွာ
ကိုယ်ချင်းစာ မေတ္တာထား၊
အသိဉာဏ် အမှောင်မဖုံးဖို့
သိကုံးတရား။

\- ရှင်းသန့်ဖြူ နှလုံးသား
အမုန်းမပွား သုခကြွယ်၊
စိတ်ကိုပြင် ကံကိုရေး
ကြံတွေးကောင်းဖွယ်၊
ကြုံရဆုံရ အသွယ်သွယ်
လမ်းအလွယ် မလိုက်လို့၊
အပုပ်ကောင် ရုပ်ဆောင်သဘောမို့
ကွယ်တို့ရေ. . .
မနောဖြူစို့။ ။

**ချာန်လေး(ပညာရေး)**

# သာယာဝတီမြို့နယ် စာဖြူစု(ဂရုံစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘို့ရှည်ကျေးရွာအုပ်စု စာဖြူစု(ဂရုံစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက စာဖြူစု(ဂရုံစု)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုသဲမွန်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့်ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖြူစု(ဂရုံစု)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ၁၈ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ငွေကျပ် ၃၆ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းထံမှ သိရသည်။

**အေးမြတ်**

# အောင်လံမြို့နယ် ငဖဲကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အောင်လံ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငဖဲကန်ကျေးရွာအုပ်စု ငဖဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ငဖဲကန်ကျေးရွာ၌မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ငဖဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ်သိန်း ၂၄၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၈၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ငွေကျပ် ၃၄၇သိန်း ထုတ်ချေးထားကြောင်း အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**

## နိုင်ငံတကာ သတင်းများ

# တရုတ်ရေတပ် စစ်သင်္ဘောအုပ်စု ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်း

**တိုင်ပေ ဇွန် ၂၂**

တရုတ်ရေတပ်မှ ရှန်တုန်း လေယာဉ်တင်သင်္ဘော ဦးဆောင်သော ရေတပ်အုပ်စုသည် ယနေ့တွင် ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခုတ်မောင်းခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ ဒေသတွင်းစစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် ရှန်တုန်း လေယာဉ်တင်သင်္ဘော ဦးဆောင်သည့် တရုတ်စစ်သင်္ဘောများ ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခဲ့ကြခြင်းဖြစ်သည်။

တရုတ်စစ်သင်္ဘောအုပ်စုသည် ထိုင်ဝမ်ရေလက်ကြား အနောက်ဘက်မှတစ်ဆင့် တောင်ဘက်စူးစူးအရပ်သို့ ဦးတည်ခုတ်မောင်းသွားကြောင်း တရုတ်(တိုင်ပေ)က သတင်းထုတ်ပြန်ထားသည်။

တရုတ်ရေတပ် စစ်သင်္ဘောအုပ်စုကို စောင့်ကြည့်ရေးအတွက် စစ်လေယာဉ်နှင့် စစ်သင်္ဘောများကို တရုတ်(တိုင်ပေ)က စေလွှတ်ခဲ့ကြောင်း သိရသည်။

ရှန်တုန်း လေယာဉ်တင်သင်္ဘောသည်ယခုနှစ်ဧပြီလအတွင်း တရုတ်စစ်ဘက်က တရုတ်(တိုင်ပေ)ကျွန်းပတ်ပတ်လည်၌ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများ၌ ပါဝင်ခဲ့သည်။

ရှန်တုန်း လေယာဉ်တင်သင်္ဘောသည် ပြီးခဲ့သည့်နှစ်မတ်လကလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မဆွေးနွေးမီ နာရီအနည်းငယ်အလိုတွင် ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခဲ့ဖူးကြောင်း သိရသည်။ KKO

# သမ္မတ ရှီကျင့်ဖျင်ကို ဂျိုးဘိုင်ဒင်ဝေဖန်မှု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြန်လည်တုံ့ပြန်



**ပေကျင်း ဇွန် ၂၂**

သမ္မတရှီကျင့်ဖျင်နှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ဝေဖန်ပြောကြားချက်များကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ပြင်းပြင်းထန်ထန်တုံ့ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပသည့် အခမ်းအနားတစ်ခုတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို အာဏာရှင်တစ်ဦးအဖြစ် မှတ်ချက်ပြုခဲ့သည်။

တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ်မှုကိုထိန်းထားနိုင်ရန် ကြိုးပမ်းနေသည့်အနေဖြင့် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် သွားရောက်ခဲ့ပြီး တစ်ရက်အကြာမှာပင် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဏာရှင်တစ်ဦးအဖြစ် မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ၏မှတ်ချက်စကားသည်တာဝန်မဲ့သည့်မှတ်ချက်စကား၊ အချက်အလက်မှားများ၊ သံတမန် လုပ်ထုံးလုပ်နည်းများနှင့် တရုတ်နိုင်ငံ၏ နိုင်ငံရေးဂုဏ်သိက္ခာတို့ကို ချိုးဖောက်ရာရောက်သည့် မှတ်ချက်စကားဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် တုံ့ပြန်ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်သမ္မတ၏ မှတ်ချက်စကားများကို နိုင်ငံရေးအရ ရန်စမှုအဖြစ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၏ ခရီးစဉ်အတွင်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံကြားအပြိုင်မှုပဋိပက္ခအဆင့်သို့ မရောက်စေရေးအတွက်ကြိုးပမ်းရန် သဘောတူထားကြောင်း သိရသည်။ KKO

# ဟွန်ဒူးရပ်စ်အကျဉ်းထောင်၌ အဓိကရုဏ်းဖြစ်ပွား အမျိုးသမီးအကျဉ်းသား ၄၁ ဦးသေဆုံး

**တီဂူစီဂယ်လ်ပါ ဇွန် ၂၂**

ဟွန်ဒူးရပ်စ်နိုင်ငံရှိ အမျိုးသမီးအကျဉ်းထောင်တစ်ခု၌ ဇွန် ၂၀ ရက်က ထောင်တွင်းအဓိကရုဏ်းများဖြစ်ပွားခဲ့ရာ အမျိုးသမီးအကျဉ်းသား ၄၁ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တီဂူစီဂယ်လ်ပါ မြို့တော်နှင့် ၁၂ မိုင်အကွာတွင်ရှိသော အဆိုပါ အမျိုးသမီးအကျဉ်းထောင်အတွင်း ဖြစ်ပွားခဲ့သော အဓိကရုဏ်းကို ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းက ပြင်ပမှကြိုးကိုင်စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်အစိုးရက ပြောကြားထားသည်။

အမျိုးသမီး အကျဉ်းထောင် အဓိကရုဏ်းအတွင်း လူပေါင်းခုနစ်ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဟွန်ဒူးရပ်စ်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

အမျိုးသမီး အကျဉ်းထောင် အဓိကရုဏ်းပေါ် ပေါက်ခဲ့ပြီးနောက် ဇွန် ၂၀ ရက်ညပိုင်းမှာပင် ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရိုသည် ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးနေရာကို အပြောင်းအလဲပြုလုပ်ခဲ့သည်။

အုပ်စုဖွဲ့ ရာဇဝတ်ကျူးလွန်မှုပြဿနာနှင့် အကျဉ်းထောင် အဓိကရုဏ်းများ ပြဿနာတို့ကို ဖြေရှင်းရေးအတွက် လုပ်ငန်းအစီအမံသစ်များကို ထပ်မံကြေညာရန်လည်း သမ္မတရှီအိုမာရာကတ်စထရိုက စီစဉ်ထားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် လူအသေအပျောက်များသည့် အကျဉ်းထောင်မတော်တဆမှုဖြစ်စဉ်များကို ယခင်ကလည်း ရင်ဆိုင်ခဲ့ဖူးကြောင်း သိရသည်။ KKO




# နှစ်စဉ်ပြုလုပ်နေသည့် လက်နက်ကိုင်တပ်များအင်အားစုစည်းမှု လေ့ကျင့်ခန်းကို ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာန စတင်

**မင့်စ် ဇွန် ၂၂**

ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်သော ဘီလာရုစ်နိုင်ငံသည် နှစ်စဉ်ပြုလုပ်လျက်ရှိသည့် လက်နက်ကိုင်တပ်များ အင်အားစုစည်းနေရာချမှု လေ့ကျင့်ခန်းကို ယနေ့တွင် စတင်နေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဘီလာရုစ်နိုင်ငံ၏ လက်နက်ကိုင်တပ်များ စစ်အင်အားစုစည်းနေရာချမှုလေ့ကျင့်ခန်းမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အရန်တပ်များ ဆင့်ခေါ် အင်အားစုစည်းရာတွင်သက်ဆိုင်ရာ အသင့်အနေအထားရှိမှု အတိုင်းအဆကို စိစစ်ရေးအတွက် စစ်အင်အားစုစည်းနေရာချမှုလေ့ကျင့်ခန်းကို စတင်ပြုလုပ်နေခြင်းဖြစ်ကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘီလာရုစ်နိုင်ငံ၏ ဥပဒေများအရ စစ်မှုတာဝန်ထမ်းဆောင်နိုင်သူ နိုင်ငံသားအမျိုးသားအားလုံး စစ်မှုထမ်းရပြီး စစ်မှုထမ်းကာလပြီးဆုံးချိန်တွင် အရန်တပ်များ၌ တပ်ဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ကြရသည်။

ဘီလာရုစ်တပ်များသည် ယူကရိန်းစစ်ရေးပဋိပက္ခ၌ ရုရှားတပ်များနှင့်အတူ တိုက်ရိုက်ပါဝင်မှု မရှိသေးကြောင်း သိရသည်။

သို့သော် ရန်စဖိနှိပ်မှုနှင့် ရင်ဆိုင်နေရချိန်တွင် ယူကရိန်း စစ်ရေးပဋိပက္ခအတွင်း ဝင်ရောက်နိုင်သည်ဟု ဘီလာရုစ်သမ္မတ လူကာရှန်ကိုက ပြောကြားထားကြောင်း သိရသည်။ KKO

# ဂျပန်နိုင်ငံသို့ ပြည်ပခရီးသည်များဝင်ရောက်မှု ယခုနှစ်မေလတွင် ၁ ဒသမ ၉ သန်း အောက်တွင်သာရှိ

**တိုကျို ဇွန် ၂၂**

ယခုနှစ်မေလအတွင်း ဂျပန်နိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်းသည် ဧပြီလနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းသွားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်လအတွင်း ဂျပန်နိုင်ငံတွင်းသို့ စီးပွားရေးနှင့် အလည်အပတ်အတွက် ဝင်ရောက်ခဲ့သူ ခရီးသွားဧည့်သည်အရေအတွက်သည် ၁ ဒသမ ၉ သန်းအောက်တွင်သာရှိခဲ့ကြောင်း ဂျပန်အစိုးရ အမျိုးသားခရီးသွားလာရေးအဖွဲ့ စာရင်းဇယားများအရ သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်ဧပြီလအတွင်း ဂျပန်နိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့သည့် ခရီးသွားဧည့်သည်အရေအတွက်မှာ ၁ ဒသမ ၉၅ သန်းထိ ရှိခဲ့သည်။

သို့သော် ယခုနှစ်ဇွန်လအတွင်းတွင်မူ ဂျပန်နိုင်ငံအတွင်းသို့ တရုတ်ခရီးသွားဧည့်သည်များဝင်ရောက်မှုနှုန်းမှာ ၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၃၄၀၀၀ထိ ရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကာလအတွင်း နှစ်နှစ်ကျော်ကြာ ရပ်တန့်ခဲ့ရသော်လည်း ကပ်ဘေးကာလ ခရီးသွားလုပ်ငန်းကန့်သတ်ချက်များကို ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်း ဂျပန်အစိုးရက ပြန်လည်ဖြေလျှော့ပေးခဲ့ခြင်းကြောင့် ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက ယူကလစ်အမည်ရှိ အာကာသယာဉ်တစ်စင်းကို လာမည့်လအတွင်း လွှတ်တင်ရန်စီစဉ်



**ပါရီ ဇွန် ၂၀**

ဥရောပအာကာသအေဂျင်စီသည် ယူကလစ်အမည်ရှိ အာကာသယာဉ်တစ်စင်းကို လာမည့်လအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ယူကလစ်အာကာသယာဉ်သည် ရှေးဦးစကြဝဠာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနိုင်ဖွယ် ရှိကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်ဒေါ်လာ တစ်ဘီလီယံ အကုန်အကျခံတည်ဆောက်ထားသော ယူကလစ်အာကာသယာဉ်ကို Space X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လာမည့်ဇူလိုင် ၁ ရက်တွင် လွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် ယူကလစ်အာကာသယာဉ်သည် ကမ္ဘာမြေနှင့် ကီလိုမီတာ ၁ ဒသမ ၅ သန်းအကွာတွင်ရှိသော ပတ်လမ်းပေါ်တွင် နေရာယူ၍ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများကို စတင်မည်ဖြစ်သည်။

ယူကလစ်အာကာသယာဉ်နေရာယူမည့်ပတ်လမ်းသည် နေနှင့် ကမ္ဘာတို့၏ ဒြပ်ဆွဲအားပေါင်းစုံနယ်မြေပေါ်၌ တည်ရှိသည်။

ယူကလစ် အာကာသယာဉ်အနေဖြင့် စကြဝဠာကြီး၏ သုံးဖက်တိုင်းမြေပုံတစ်ခုကို မစ်ရှင်ကာလအတွင်း ရေးဆွဲထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO

## နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇွန် ၂၀ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း ဇွန် ၂၀**

နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇွန် ၂၀ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားတင်ပြထားသည်။

ရှီယန်-၂၅ အမည်ရှိ အဆိုပါနည်းပညာစမ်းသပ်ဂြိုဟ်တုကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၆ ဒုံးပျံကို ရှန်ရှီးပြည်နယ် တိုင်ယွန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် ရှီယန်-၂၅ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



ရှီယန်-၂၅ ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ကမ္ဘာဂြိုဟ်လေ့လာရေးနည်းပညာသစ်တစ်ရပ်ကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

လောင်းမတ်ချ်-၆ ဒုံးပျံများသည် အလေးချိန် တစ်တန်ထိရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၇၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်သည်။

ဇွန် ၂၀ ရက်မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၄၇၇ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO

## ဥရောပအာကာသအေဂျင်စီ၏ Bepicolombo အာကာသယာဉ်က ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်သန်း၍ ဓာတ်ပုံများရိုက်ကူးခဲ့

**ပဲရစ် ဇွန် ၂၀**

ဥရောပအာကာသအေဂျင်စီ၏ Bepicolombo အာကာသယာဉ်သည် ဇွန် ၂၀ ရက်တွင် ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်သန်း၍ ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဓာတ်ပုံများကို ဥရောပအာကာသအေဂျင်စီက ဇွန် ၂၁ ရက်မှာပင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

Bepicolombo အာကာသယာဉ်က ရိုက်ကူးခဲ့သောဓာတ်ပုံများထဲတွင် ဗုဒ္ဓဟူးဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ဥက္ကာချိုင့်ဝှမ်းများ၊ မီးတောင်တောင်ရိုးများ၊ ကမ်းပါးစောက်များ စသည့်ဘူမိလက္ခဏာများကို တွေ့မြင်နိုင်ကြောင်း ဥရောပအာကာသအေဂျင်စီ၏ သိပ္ပံပညာရှင်များက ပြောကြားသည်။

Bepicolombo အာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို ဗုဒ္ဓဟူးဂြိုဟ်မျက်နှာပြင်နှင့် မိုင်ပေါင်း ၂၀၀၀ ကျော်အကွာမှ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအာကာသယာဉ်အနေဖြင့် ဗုဒ္ဓဟူးဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ချိန်တွင် ဓာတ်ပုံများရိုက်ကူးနိုင်မှုမရှိခဲ့ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

Bepicolombo အာကာသယာဉ်သည် ဇွန် ၂၀ ရက်တွင် ဗုဒ္ဓဟူးဂြိုဟ်ကို တတိယအကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ခုခံအားကျဆင်းမှုရောဂါပိုးရပ်များက လူ့ဦးနှောက်အတွင်း ငြိမ်သက်စွာခိုအောင်းတည်ရှိနိုင်

**နယူးယောက် ဇွန် ၂၀**

ခုခံအားကျဆင်းမှုရောဂါပိုးရပ်(အိတ်ချ်အိုင်ဗွီ)များသည် လူ့ဦးနှောက်အတွင်း ငြိမ်သက်စွာခိုအောင်းတည်ရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဦးနှောက်အတွင်းရှိ Microglial Cells (MG) ခေါ် ခုခံအားစနစ်ဆဲလ်တစ်မျိုးသည် အိတ်ချ်အိုင်ဗွီပိုးရပ်များ ရှင်သန်ပေါက်ဖွားနိုင်သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိတ်ချ်အိုင်ဗွီပိုးရပ်များသည် MG ဆဲလ်များအတွင်း ငြိမ်သက်စွာခိုအောင်းနေတတ်သော်လည်း ပုံတူပွားနိုင်စွမ်းရှိနေဆဲဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

MG ဆဲလ်များသည် ဦးနှောက်အတွင်း တည်ရှိပြီး ၁၀ နှစ်ကြာထိ ဇီဝသက်တမ်းရှိသော ခုခံအားစနစ်ဆဲလ်များဖြစ်ကြသည်။

အိတ်ချ်အိုင်ဗွီပိုးရပ်များသည် MG ဆဲလ်များအတွင်း ကူးစက်နိုင်ပြီး အချို့ပိုးရပ်များမှာ ၎င်းဆဲလ်များအတွင်း ဝင်ရောက်သွားချိန်တွင် ငြိမ်သက်သွားတတ်သည်။

အကယ်၍ ပိုးရပ်တိုက်ဖျက်ရေးဆေးများ သုံးစွဲမှုရပ်တန့်ခဲ့ပါက ငြိမ်သက်နေသော အိတ်ချ်အိုင်ဗွီပိုးရပ်များ ပြန်လည်လှုပ်ရှားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## အက်စပရင်းဆေးကိုနေ့စဉ်သုံးစွဲပါက သက်ကြီးပိုင်းများတွင် Anemia ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၂၀**

အက်စပရင်းဆေးကို နေ့စဉ်သုံးစွဲပါက သက်ကြီးပိုင်းများတွင် သွေးအတွင်း အောက်ဆီဂျင်ပါဝင်နှုန်း ကျဆင်းမှုပြဿနာ (Anemia) ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းဦးရေ ၁၈၀၀၀ ကျော်တို့၏ ဆေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ အက်စပရင်း ၁၀၀ မီလီဂရမ်ကို နေ့စဉ် သောက်သုံးသူများသည် မသောက်သုံးသူများထက် Anemia ပြဿနာပေါ်လာနိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုမြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အက်စပရင်း ၁၀၀ မီလီဂရမ် နေ့စဉ်သောက်သုံးမှုနှင့် Anemia ဖြစ်နိုင်ခြေတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်ခြင်း မရှိသေးပေ။

Anemia ပြဿနာသည် နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုတို့နှင့် နှိုင်းယှဉ်ပါက အဖြစ်နည်းသော်လည်း သက်ကြီးပိုင်းများအတွက် အဓိက ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာခဲ့ရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ အသက် ၇၅ နှစ်အထက် သက်ကြီးပိုင်း ၃၀ ရာခိုင်နှုန်းမှာ Anemia ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## အယ်အီတီဟတ်အသင်းက ကန်တီကို လေးနှစ်စာချုပ်ဖြင့်ခေါ်ယူ

**ရီယာ့ဒ် ဇွန် ၂၁**

ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ကန်တီကိုခေါ်ယူရန် သဘောတူညီမှု ရရှိထားသည့် ဆော်ဒီအာရေဗျကလပ် အယ်အီတီဟတ်အသင်းသည် ကန်တီကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမားကန်တီသည် အယ်အီတီဟတ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့သော်လည်း လေးနှစ်သဘောတူစာချုပ်အတွက် စတာလင်ပေါင် ၈၅ ဒသမ ၅ သန်းရရှိမည်ဖြစ်ကာ ပုံရိပ်အသုံးပြုခနှင့် အခြားစီးပွားရေးအခွင့်အရေးများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမားကန်တီသည် ဥရောပထိပ်တန်းကစားသမားများထဲမှ ဆော်ဒီကလပ်အသင်းသို့ပြောင်းရွှေ့ခဲ့သည့် အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒို၊ အယ်အီတီဟတ်အသင်းတိုက်စစ်မှူး ဘင်ဇီးမားတို့ပြီးလျှင် တတိယမြောက်ကစားသမားဖြစ်လာခဲ့ပြီး လက်ရှိတွင်လည်း ချဲလ်ဆီးအသင်းကစားသမားများဖြစ်သည့် အူဘာမီယန်း၊ ဇီရက်ချ်၊ ကူလီဘာလေတို့ကို ဆော်ဒီကလပ် အသင်းများက ခေါ်ယူရန် ချိတ်ဆက်လျက်ရှိသည်။

အသက် ၃၂ နှစ်ရှိ ကန်တီသည် ၂၀၁၅ ခုနှစ်က လက်စတာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြသ၍ ပရီးမီးယားလိဂ် ချန်ပီယံဆုရယူနိုင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ကွင်းလယ်ပိုင်းတွင် အဓိကကစားသမားအဖြစ်ပါဝင်၍ အသင်းကို ပရီးမီးယားလိဂ်ဆုဖလားနှင့် ချန်ပီယံလိဂ်ဆုဖလားရယူပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများကြောင့် ပွဲထွက်ခွင့်ရရှိရန်ရုန်းကန်ခဲ့ရပြီး အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ဆော်ဒီကလပ် အယ်အီတီဟတ် အသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဝက်စ်ဟမ်းအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့် ပေါလင်ဟာအတွက် ဖူလ်ဟမ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၉၀ ကျော်အလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ပီအက်စ်ဂျီအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် တိုက်စစ်မှူးနေမာကိုထပ်မံခေါ်ယူရန် ဘာစီလိုနာအသင်းက ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ချဲလ်ဆီးတောင်ပံကစားသမား ကိုင်ဟာဗက်ကို စတာလင်ပေါင် ၆၅ သန်းဝန်းကျင်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- ဘာစီလိုနာအသင်းက ဂန်ဒိုဂမ်ကို နှစ်နှစ်စာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိခဲ့ကြောင်း သိရသည်။

ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ဒဂုံစတားအသင်းက GFA အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် ဇွန် ၂၁**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီ မိနစ် ၃၀က ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ဒဂုံစတားအသင်းက ဂိုးကန်သွင်းခွင့်ပိုမိုရရှိခဲ့ကာ ပွဲချိန် ၂၈ မိနစ်တွင် ဝေယံဖြိုးကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်တွင် ညီညီအောင်ကလည်းကောင်း ဒဂုံစတား အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် GFA အသင်း၏ ချေပဂိုးများအတွက် ပြန်လည်ဖိအားပေး တိုက်စစ်ဆင်မှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် သန်းတိုးအောင်က GFA အသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုးတစ်ဂိုး ပေးခဲ့ရပြီးနောက်ပိုင်း ဒဂုံစတားအသင်းကလည်း ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၅၃ မိနစ်တွင် မင်းမြတ်စိုးက ဒဂုံစတား အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)မှစတင်ပြီး ပွဲစဉ်အလိုက် အကောင်းဆုံး ကစားသမားဆုများကိုစတင်ပေးအပ်ခဲ့ပြီး ယနေ့ကစားခဲ့သည့်ပွဲစဉ်တွင် ပွဲစဉ်လိုက် အကောင်းဆုံး ကစားသမားဆုကို ဒဂုံစတားအသင်း ကွင်းလယ်ကစားသမား မင်းမြတ်စိုးကရရှိခဲ့ကြောင်း သိရသည်။

STA

## ၂၀၂၃ ခုနှစ် လူငယ်အကောင်းဆုံးကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ ဂါဗီနှင့် ဘလိတ်တို့ပါဝင်

**ဘာစီလိုနာ ဇွန် ၂၁**

ယခုနှစ်အတွက် လူငယ်အကောင်းဆုံး ကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဂါဗီနှင့် ခံစစ်ကစားသမားဘလိတ်တို့ပါဝင်လာခဲ့ကြောင်း Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကစားသမားစာရင်းတွင် ဘိုင်ယန်မြူးနစ်အသင်းမှ တောင်ပံကစားသမား မူစီအာလာက အဆင့်(၁)၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်က အဆင့်(၂)၊ ဘာစီလိုနာအသင်းမှ ဂါဗီက အဆင့်(၃)၊ ဘင်ဖီကာအသင်းမှ အန်တိုနီယိုဆေးဗားက အဆင့်(၄)၊ ဘာစီလိုနာအသင်းမှ ဘလိတ်ကအဆင့်(၅)၊ ပီအက်စ်ဗွီအသင်းမှ ဆိုင်မွန်က အဆင့်(၆)၊ လေဗာကူဆင်အသင်းမှ ဝီယာ့ဇ်က အဆင့်(၇)၊ ဆဲလ်ဘတ်အသင်းမှ ဆက်စ်ကိုက အဆင့်(၈)၊ အေဂျက်အသင်းမှ ရန့်ချ်က အဆင့်(၉)၊ အတ္တလန်တာအသင်းမှ စကာဗီနီက အဆင့်(၁၀)နေရာတို့တွင် လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ကစားသမားများ၏ ကလပ်အသင်းနှင့် နိုင်ငံအသင်းတို့တွင် ပါဝင်ကစားခဲ့သည့် တစ်ဦးချင်းစွမ်းဆောင်ရည်၊ အသင်းအပေါ် အကောင်းဆုံးပံ့ပိုးပေးနိုင်မှု၊ ပွဲကစားချိန်တို့ကိုအခြေခံ၍ ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ ML

## နိုင်ငံတကာပွဲ ၂၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် တိုက်စစ်မှူးစီရော်နယ်ဒို စံချိန်သစ်တင်

**လစ္စဘွန်း ဇွန် ၂၁**

ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်အဖြစ် အိုက်စလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူးစီရော်နယ်ဒိုသည် နိုင်ငံတကာပြိုင်ပွဲပေါင်း ပွဲ ၂၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၃ ခုနှစ်က ပွဲထွက်ကစားခွင့်စတင်ရရှိခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်မတ်လက လက်ချင်စတိန်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ကမ္ဘာ့ဖလားဘောလုံးသမိုင်း၌ နိုင်ငံတကာပွဲပေါင်း ၁၉၆ ပွဲကစားထားသည့် ကူဝိတ်အသင်းကစားသမား အယ်မူတာဝါ၏စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ပြီးနောက် ယခုပွဲစဉ်အပြီးတွင် နိုင်ငံတကာပြိုင်ပွဲပေါင်း ၂၀၀ ပြည့်မြောက်ခဲ့သည့် စံချိန်သစ်တစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အိုက်စလန်အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး ပွဲကစားချိန် ၈၉ မိနစ်အရောက်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့ပြီးနောက် နိုင်ငံတကာသွင်းဂိုး ၁၂၃ ဂိုးထိရှိလာခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမားအဖြစ်ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ပွဲ ၂၀၀ ပြည့်မြောက်ခဲ့သည့် ဂင်းနစ်ဖြင့်ဂင်းနစ်စံချိန်ကိုလည်းရရှိခဲ့သည်။



စီရော်နယ်ဒိုက "ကျွန်တော့်အနေနဲ့ နိုင်ငံအသင်းအတွက် အခုလို ပွဲ ၂၀၀ ပြည့်အောင် ကစားနိုင်ဖို့ ဘယ်လိုမှမျှော်လင့်မထားပါဘူး။ ဒါဟာအရမ်းကို အံ့အားသင့်စရာကောင်းတဲ့အောင်မြင်မှုတစ်ခုပါ။ အထူးသဖြင့် အခုပွဲစဉ်မှာ အသင်းအတွက်အဖိုးတန်အနိုင်ဂိုးသွင်းယူနိုင်ခဲ့လို့ အရမ်းပျော်ရွှင်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# အိမ်ကွင်းဂျာစီဒီဇိုင်းမှားယွင်းမှုများကြောင့် အာဆင်နယ်အသင်းက ဂျာစီရောင်းချမှုကိုရပ်ဆိုင်း




လန်ဒန် ဇွန် ၂၁

အာဆင်နယ် အသင်းသည် Adidas က ထုတ်လုပ်ခဲ့သည့် လာမည့်ဘောလုံးရာသီတွင် အိမ်ကွင်းဂျာစီအဖြစ် ဝတ်ဆင်အသုံးပြုမည့် ဂျာစီဒီဇိုင်း မှားယွင်းနေသည့်အတွက် အိမ်ကွင်းဂျာစီရောင်းချမှုများကို ရပ်ဆိုင်းခဲ့ရသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် လာမည့်ဘောလုံးရာသီတွင် ဝတ်ဆင်အသုံးပြုမည့် အိမ်ကွင်းဂျာစီကို ပြီးခဲ့သည့်ရက်ပိုင်းတွင် Adidas က တရားဝင်မိတ်ဆက်ပြသခဲ့ပြီးနောက် ဒီဇိုင်းမှားယွင်းမှုများ ရှိနေပြီး အသင်းပရိသတ်များက ဝေဖန်ထောက်ပြခဲ့ပြီးနောက် အိမ်ကွင်းဂျာစီရောင်းချမှုများကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

Adidas က လာမည့်ဘောလုံးရာသီတွင် အာဆင်နယ်အသင်း အိမ်ကွင်းတွင်ဝတ်ဆင်အသုံးပြုမည့် အိမ်ကွင်းဂျာစီကို ပြီးခဲ့သည့် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီလုံးရှုံးပွဲမရှိခဲ့ဘဲ ပရီးမီးယားလိဂ်ချန်ပီယံဆွတ်ခူးနိုင်ခဲ့စဉ်ကဝတ်ဆင်ခဲ့သည့် အိမ်ကွင်းဂျာစီကို အခြေခံပြီးဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

Adidas က အာဆင်နယ်အသင်း ရွှေဖလားရရှိခဲ့သည့် နှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် လာမည့် ဘောလုံးရာသီတွင် ဝတ်ဆင်မည့် အိမ်ကွင်းဂျာစီကို ဒီဇိုင်းရေးဆွဲခဲ့ရာတွင် အာဆင်နယ်အသင်း၏ ရှုံးပွဲမရှိသည့်ပွဲစဉ်အရေအတွက်ကို ဂျာစီအတွင်းဘက်တွင် ဖော်ပြခဲ့ရာတွင် ရှုံးပွဲမရှိသည့် ၃၂ ပွဲသာပါရှိခဲ့ပြီး ပိုစ်မောက်အသင်းနှင့် ဘာမင်ဂမ်အသင်းတို့နှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်များကိုမဖော်ပြခဲ့ဘဲ နောက်ဆုံးလေးပွဲရလဒ်များကိုမှားယွင်းပြီးထည့်သွင်းခဲ့သည့်အတွက် အာဆင်နယ်အသင်းပရိသတ်များက ဝေဖန်ထောက်ပြခဲ့သောကြောင့် အာဆင်နယ်အသင်း တာဝန်ရှိသူများက အိမ်ကွင်းဂျာစီ ရောင်းချမှုများကို ပြန်လည်ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။ STA

# ဒီကလန်ရိုက်အတွက် အာဆင်နယ်အသင်း၏ ဒုတိယအကြိမ်ကမ်းလှမ်းမှုကို ဝက်စ်ဟမ်းအသင်းပယ်ချ

လန်ဒန် ဇွန် ၂၁

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူရန်အတွက် အာဆင်နယ်အသင်းက ဒုတိယအကြိမ်အဖြစ် စတာလင်ပေါင် သန်း ၉၀ ထိ တိုးမြှင့်ပြီး တရားဝင်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဒီကလန်ရိုက်သည် နောက်ပိုင်းဘောလုံးရာသီများတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေသောကြောင့် အာဆင်နယ်အသင်းက လက်ဦးမှုရယူနိုင်ရန် ပထမအကြိမ်အဖြစ် စတာလင်ပေါင် သန်း ၈၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ်အသင်း ကွင်းလယ်ပိုင်းတွင် ရှာကာအနေဖြင့် ယခုလအကုန်တွင်အသင်းနှင့်လမ်းခွဲမည်ဖြစ်သည့်အပြင် သောမက်ပါတေးသည်လည်း အသင်းနှင့် အနာဂတ်မရေမရာ ဖြစ်နေသည့်အတွက် ဒီကလန်ရိုက်ကို နည်းပြအာတီတာက မဖြစ်မနေခေါ်ယူလိုနေသောကြောင့် ဒုတိယအကြိမ်အဖြစ် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၇၅ သန်းအပြင် အပိုဆုကြေးစတာလင်ပေါင် ၁၅ သန်း စုစုပေါင်း စတာလင်ပေါင်သန်း ၉၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းကပယ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# KPMG Women's PGA Championship ပြိုင်ပွဲတွင် နယ်လီကော့ဒါ ပါဝင်ယှဉ်ပြိုင်မည်

မေရီလန်း ဇွန် ၂၁

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါသည် ဒဏ်ရာပြဿနာကြောင့် တစ်လနီးပါးခန့်ထိ အနားယူခဲ့ရပြီးနောက် ဒဏ်ရာမှပြန်လည်သက်သာလာပြီး လေ့ကျင့်ရေးအစီအစဉ် ပြန်လည်စတင်နေပြီဖြစ်သည်။

နယ်လီကော့ဒါသည် အမေရိကန်နိုင်ငံ မေရီလန်းမြို့တွင်ကျင်းပမည့် KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီအတွင်း ဒုတိယမြောက်အဓိကပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ပြီး ၎င်းပြိုင်ပွဲဖြင့် မလွဲချော်လိုသည့်အတွက်ကြောင့်လည်း ဒဏ်ရာမှပြန်လည်သက်သာလာပြီး ပြိုင်ပွဲဝင်ရန် အမြန်ဆုံး ပြင်ဆင်လာခြင်းလည်းဖြစ်သည်။

နယ်လီကော့ဒါသည် လေ့ကျင့်ရေးအစီအစဉ်များကို ပြုလုပ်နေပြီဖြစ်သော်လည်း ကြံ့ခိုင်မှုပိုင်းက ၁၀၀ ရာခိုင်နှုန်းတွင် မရှိသေးကြောင်း ဝန်ခံပြောကြားခဲ့သည်။

နယ်လီကော့ဒါက "ဂေါက်သီးရိုက်ကစားသမားမှာက Swing ရိုက်ရင် ခါးနဲ့ကျောကိုအရမ်းလှုပ်ရတယ်။ ဒါကြောင့်လဲဂေါက်သီးရိုက်ကစားသမား တော်တော်များများဟာ နောက်ကျောဒဏ်ရာ၊ ခါးဒဏ်ရာတွေနဲ့ မကြာခဏရှုန်းကန်ရလေ့ရှိပါတယ်။ အခုကျွန်မရခဲ့တဲ့ဒဏ်ရာကလဲ နောက်ကျောဒဏ်ရာပဲဖြစ်ပါတယ်။ ဂေါက်သီးရိုက်ကစားသမားတိုင်းနီးပါးရင်ဆိုင်ဖူးတဲ့ ဒဏ်ရာပြဿနာဖြစ်တဲ့အတွက်ကြောင့် ဒီဒဏ်ရာအမျိုးအစားက ထူးခြားတဲ့ဒဏ်ရာမျိုးတော့မဟုတ်ပါဘူး။ ကျွန်မအနေနဲ့လဲ ဒီဒဏ်ရာကြောင့် ရက်သတ္တလေးပတ်လောက်ထိ အနားယူခဲ့ရသလို လိုအပ်တဲ့ဆေးကုသမှုတွေလဲ ပြုလုပ်ခဲ့ရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ဒီလီယန်ဝိုက်နှင့် အန်တိုနီဂျိုရှာတို့၏ စိန်ခေါ်ပွဲပျက်ခဲ့ပြီးနောက် ဒီလီယန်ဝိုက်နေရာကိုအစားထိုးရန် ဂျာရယ်လ်မီလာက ကမ်းလှမ်း







လန်ဒန် ဇွန် ၂၁

ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာသည် တစ်နိုင်ငံတည်းသား လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် ဒီလီယန်ဝိုက်နှင့် ဩဂုတ်လတွင် မကျေပွဲထိုးသတ်ရန် သဘောတူညီချက် ရရှိထားသော်လည်း ဒီလီယန်ဝိုက်ဘက်မှသဘောတူညီချက်ကို ဖျက်သိမ်းလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဒီလီယန်ဝိုက်ဘက်မှ သဘောတူညီချက်ကိုဖျက်သိမ်းခဲ့ပြီးနောက် အမေရိကန်လက်ဝှေ့သမား ဂျာရယ်လ်မီလာက ဒီလီယန်ဝိုက်နေရာတွင် အစားထိုး ဝင်ရောက်ထိုးသတ်ရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီလီယန်ဝိုက်ဘက်မှ သဘောတူညီချက်ဖျက်သိမ်းကြောင်းထုတ်ပြန်ထားသော်လည်း အန်တိုနီဂျိုရှာက ဩဂုတ်လတွင် စီစဉ်ထားသည့်အတိုင်း စိန်ခေါ်ပွဲကိုမဖြစ်မနေထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည့်အတွက် ပြိုင်ဘက်တစ်ဦးကို မဖြစ်မနေရှာဖွေလျက်ရှိသည်။

ဂျာရယ်လ်မီလာ ကလည်း အန်တိုနီဂျိုရှာနှင့် ထိုးသတ်လိုသည့်အတွက်ကြောင့် ဒီလီယန်ဝိုက်နေရာတွင် အစားထိုးဝင်ရောက်ထိုးသတ်သွားရန်အတွက် Promoter ဖြစ်သူ ဆာလီတာထံ တောင်းဆိုခဲ့သည်။

ဆာလီတာကလည်း ဂျာရယ်လ်မီလာ၏ဆန္ဒအတိုင်း အန်တိုနီဂျိုရှာ၏ Promoter ဖြစ်သူနှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဒီလီယန်ဝိုက် အနေဖြင့်လည်း အန်တိုနီဂျိုရှာနှင့်ထိုးသတ်မည့်မကျေပွဲစဉ်သဘောတူညီချက်ကို ဖျက်သိမ်းရခြင်း၏ အဓိကအကြောင်းအရင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီလီယန်ဝိုက်က"အန်တိုနီဂျိုရှာတို့က ဒီမကျေပွဲစဉ်ကိုထိုးသတ်ဖို့လိုလိုလားလားဖြစ်နေတဲ့ပုံ မပြဘူး။ ဒီစိန်ခေါ်ပွဲအတွက် သူတို့ဖက်က စိုးရိမ်ထိတ်လန့်နေသလိုဖြစ်နေတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့ကိုလဲ အပြစ်မတင်ချင်ပါဘူး။ သူတို့တကယ် ထိုးသတ်ချင်နေတာက ဒီယွန်တေးနဲ့ဖြစ်ပါတယ်။ ဆော်ဒီမှာလာမဲ့ဒီဇင်ဘာလမှာ ဒီယွန်တေးနဲ့ ထိုးသတ်ဖို့ သူတို့ပြင်ဆင်နေတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ပရော်ဖက်ရှင်နယ်တင်းနစ်အဖွဲ့အစည်းက ဖော့နီနီကို တင်းနစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ရန် စီစဉ်

လန်ဒန် ဇွန် ၂၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ပရော်ဖက်ရှင်နယ်တင်းနစ်အဖွဲ့အစည်းက အီတလီဝါရင့်တင်းနစ်ကစားသမား ဖော့နီနီသည် တားမြစ်ဆေးဝါးစစ်ဆေးမှု ခံယူရမည်ဖြစ်သော်လည်း ပျက်ကွက်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ရန် စီစဉ်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖော့နီနီသည် တားမြစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ၊ မရှိကို စစ်ဆေးခံရမည့်ရက်တွင် သွားရောက်စစ်ဆေးခံခဲ့ခြင်းမရှိဘဲ တူရကီနိုင်ငံ အစ္စတန်ဘူလ်တွင် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်ကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

တင်းနစ်လောက၏ စည်းမျဉ်းအရ တားမြစ်ဆေးဝါးသုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးမှုခံယူရမည့်နေ့တွင် ပျက်ကွက်၍မရသည့်စည်းမျဉ်းသတ်မှတ်ထားပြီး ပျက်ကွက်ခဲ့လျှင်လည်း ပြစ်ဒဏ်ခတ်ခံရမည်ဖြစ်ကြောင်းကို ပရော်ဖက်ရှင်နယ်ကစားသမားတိုင်း သိရှိထားပြီးဖြစ်သည်။

သို့သော် ဖော့နီနီသည် အဆိုပါစည်းမျဉ်းဥပဒေကိုချိုးဖောက်ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ခတ်ခံရရန် စီစဉ်နေရခြင်း ဖြစ်ကြောင်းလည်း ပရော်ဖက်ရှင်နယ် တင်းနစ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဖော့နီနီသည် အီတလီဘောလုံးကလပ်အသင်းဖြစ်သည့် အင်တာမီလန်အသင်းကို အားပေးသည့် အမာခံ ပရိသတ်တစ်ဦးဖြစ်ပြီး ဆေးစစ်ရမည့်ရက်နှင့် အင်တာမီလန်အသင်း၏ပွဲစဉ်ရက်တိုက်ဆိုင်နေသည့်အတွက် ဆေးစစ်မှုခံယူရန် ပျက်ကွက်ခဲ့ခြင်းသာဖြစ်ကြောင်း ဆေးစစ်မှုကိုခံယူရေးကို ရှောင်လွှဲလိုသည့်ရည်ရွယ်ချက်မရှိဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ယူရေးရှား စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုအလားအလာ




ရုရှားသည် ယူရေးရှားစီးပွားရေးသမဂ္ဂ (EAEU) ဦးဆောင်မှုဖြင့် ဖိုရမ်နှင့်အစည်းအဝေးတစ်ခုကို မေ ၂၄ ရက်မှ ၂၅ ရက်ထိ လက်ခံကျင်းပခဲ့သည်။ ရုရှား၊ ဘီလာရုစ်နှင့် ကာဇက်စတန်နိုင်ငံတို့သည် အကောက်ခွန်သမဂ္ဂကိုအခြေခံလျက် ၂၀၁၅ ခုနှစ်တွင် EAEU ကို စတင်ထူထောင်ခဲ့သည်။ ထို့နောက် EAEU တွင် အာမေးနီးယားနှင့် ကာဂျစ်စတန်နိုင်ငံတို့ ထပ်မံပါဝင်လာခဲ့ပြီး အဖွဲ့ဝင်ငါးနိုင်ငံထိရှိလာခဲ့သည်။ EAEU ၏ မူလဘူတရည်မှန်းချက်သည် ဘက်စုံအကျုံးဝင်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်သွားရန်ဖြစ်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် သမဂ္ဂအတွင်း ကုန်စည်၊ အရင်းအနှီးနှင့် လုပ်သားများ လွတ်လပ်စွာစီးဆင်းမှုတို့ ပါဝင်ပေသည်။ EAEU ဖွဲ့စည်းမှု၏ ၁၀ နှစ် နှစ်ပတ်လည်ကာလသို့ ချဉ်းကပ်လာသော်လည်း အဆိုပါရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိသေးပေ။

ရုရှားသည် လက်ရှိအချိန်ထိ သမဂ္ဂအတွင်း အဓိကဇာတ်ဆောင်အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည့်အပြင် ၂၀၂၄ ခုနှစ်တွင် EAEU အဖွဲ့ခေါင်းဆောင်တာဝန်ယူပြီးနောက်ပိုင်း ပိုမိုလွှမ်းမိုးလာခဲ့သည်။ ရုရှားသမ္မတဗလာဒီမာပူတင်သည် မေ ၂၄ ရက်ကပြုလုပ်ခဲ့သောအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာကြီးတည်ဆောက်သွားရန်နှင့် EAEU က အထောက်အပံ့ပြုသွားရန် ထပ်မံဖော်ပြခဲ့သည်။ သမ္မတပူတင်က "ယူရေးရှားစီးပွားရေးအသိုက်အဝန်း (EAEC) တွင်ပြုလုပ်သည်" Made in EAEC ဆိုသော အမှတ်တံဆိပ်အောက်တွင် စက်မှုလုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်ထုတ်လုပ်မှုမြှင့်တင်သွားမည့် ကြီးမားသောမျှော်မှန်းချက်များကို အစည်းအဝေး၌ ချပြရှင်းလင်းသွားခဲ့သည်။ သို့သော် ရုရှားသမ္မတသည် အကောက်ခွန်ပေးဆောင်ရေးဆိုင်ရာစံနှုန်းအသစ်နှင့်စပ်လျဉ်း၍မူ ဆွေးနွေးသွားခဲ့ခြင်းမရှိပေ။ EAEU မှရရှိမည့် အကောက်ခွန် ၈၅ ဒသမ ၁ ရာခိုင်နှုန်းသည် ရုရှားနိုင်ငံအတွက်ဖြစ်နေပြီး ကျန် ၁၅ ရာခိုင်နှုန်းအောက်သည် အခြားသော EAEU အဖွဲ့ဝင်နိုင်ငံများကရရှိမည်ဖြစ်သည်။ အဆိုပါပြဿနာကို EAEU အဖွဲ့ဝင်အားလုံးက ဆွေးနွေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်အတွင်း ရုရှားနှင့် ဘီလာရုစ်တို့အပေါ် နိုင်ငံတကာပိတ်ဆို့မှုများချမှတ်ချိန်၌ ၎င်းကိစ္စကို အရေးတကြီးဆွေးနွေးလာခဲ့သည်။

လက်ရှိအချိန်တွင် EAEU ၏ အဓိကလုပ်ငန်းတာဝန်များအနက် တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်သွားရန်ပင်ဖြစ်သည်။ သို့သော် အဖွဲ့ဝင်ငါးနိုင်ငံ၏ ဈေးကွက်ပမာဏနှင့်မညီမျှသော အကျိုးစီးပွားများသည် EAEU ၏ကြိုးပမ်းမှုများကို အမြဲတစေလွှဲချော်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါမညီမျှမှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် သမဂ္ဂအတွင်း ယဉ်ကျေးမှုနှင့် ယူရေးရှားအတွေးအခေါ်တိုးတက်ရေးဆိုသော ပူတင်၏ဖော်ပြချက်သည် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးဆိုသောအဖွဲ့၏ မစ်ရှင်နှင့်လည်း ကိုက်ညီမှုမရှိပေ။ အနောက်အုပ်စုနှင့်ခွာပြလာသော ရုရှားသည် ယခင်ကထက် မိတ်ဆွေဟောင်းနိုင်ငံများ၏ထောက်ခံချက်လိုလားပြီး EAEU ကို အဆိုပါထောက်ခံမှုအတွက် လက်နက်တစ်ရပ်အဖြစ် ရှုမြင်ထားရှိသည်။

ယူကရိန်းအရေးကြောင့် ဖြစ်ပေါ်လာသော စွမ်းအင်ပြဿနာသည် ရုရှားစွမ်းအင်အများဆုံးတင်သွင်းသည့် ဥရောပသမဂ္ဂအပြင် ရုရှားနိုင်ငံကိုလည်း ထိခိုက်စေလျက်ရှိသည်။ ရုရှားနိုင်ငံသည် အကောင်းဆုံးဈေးကွက်ဖြစ်သည့် ဥရောပကို လက်လွှတ်ခဲ့ရပြီး ၎င်း၏ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အမြောက်အမြားဝယ်ယူမည့်ဖောက်သည်ကို ရှာမတွေ့ခဲ့ပေ။ ၂၀၂၁ ခုနှစ်တွင် Gazprom သည် ဓနသဟာယအဖွဲ့ဝင်နိုင်ငံ(CIS) တိုင်းပြည်များသို့ သဘာဝဓာတ်ငွေ့ ၁၈၅ ဒသမ ၁ ဘီလီယံကုဗမီတာ တင်ပို့ခဲ့ပြီး ၎င်းတို့အနက် ၁၅၀ ဘီလီယံကုဗမီတာသည် အနောက်နိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံအတွက် တစ်ခုတည်းသော အစားထိုးဈေးကွက်မှာ တရုတ်နိုင်ငံပင်ဖြစ်သည်။ အနောက်မှ အရှေ့သို့ သဘာဝဓာတ်ငွေ့စီးဆင်းရေးသည် ရိုးရှင်းသောကိစ္စတော့မဟုတ်ပေ။ အထူးသဖြင့် EAEU အတွင်း သဘာဝဓာတ်ငွေ့ဘုံဈေးကွက်စီမံထားရှိသောကြောင့်ပင်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံအကြီးအကဲများသည် EAEU သဘာဝဓာတ်ငွေ့ ဘုံဈေးကွက်ထူထောင်သွားရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မေ ၂၉ ရက်တွင် EAEU စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ဘုံဈေးကွက်ဖွဲ့စည်းထူထောင်ရေးဆိုင်ရာ အယူအဆသဘောထားကို အတည်ပြုခဲ့သည်။ အဆိုပါသဘာဝဓာတ်ငွေ့ဘုံဈေးကွက်ထူထောင်ရခြင်း၏မူဝါဒများမှာ EAEU အဖွဲ့ဝင်နိုင်ငံများ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် သဘာဝဓာတ်ငွေ့ပေးပို့ရာတွင် ဈေးနှုန်းနှင့် အကောက်ခွန်များသတ်မှတ်သွားရန် ပင်ဖြစ်သည်။

သို့သော် EAEU အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဈေးကွက်သည် တစ်ဖက်စောင်းနင်းဖြစ်လျက်ရှိသည်။ ပြင်ပသဘာဝဓာတ်ငွေ့ဈေးကွက်တွင် EAEU ၏ လွှမ်းမိုးမှုအနေအထားရှိသော်လည်း ရုရှားနှင့်ကာဇက်စတန်နိုင်ငံမှအပ အခြားသောအဖွဲ့ဝင်နိုင်ငံများသည် ပြည်တွင်းသဘာဝဓာတ်ငွေ့လိုအပ်ချက်ကိုပင်လျှင် ဖြည့်ဆည်းနိုင်စွမ်းမရှိပေ။ ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲမှုအရ ရုရှားသည် EAEU တွင် အဆင့် (၁) နေရာ၌ ရပ်တည်လျက်ရှိပြီး ယူကရိန်းပဋိပက္ခမတိုင်မီ အချက်အလက်များအရ ဘီလာရုစ်က နှစ်စဉ် ၂၀ ဘီလီယံကုဗမီတာသုံးစွဲလျက်ရှိသည်။ ကာဇက်စတန်နိုင်ငံက ၁၆ ဘီလီယံကုဗမီတာ၊ အာမေးနီးယားနိုင်ငံက ၂ ဒသမ ၂ ဘီလီယံကုဗမီတာနှင့် ကာဂျစ်စတန်နိုင်ငံက သန်း ၂၆၀ ကုဗမီတာသုံးစွဲလျက်ရှိသည်။

သဘာဝဓာတ်ငွေ့ဘုံဈေးကွက်ဖန်တီးခြင်း၏ အဓိကရည်မှန်းချက်သည် EAEU အတွင်း သဘာဝဓာတ်ငွေ့ကို ယုံကြည်စိတ်ချရသောဈေးနှုန်းဖြင့် ရရှိရန်ဖြစ်သော်လည်း သဘာဝဓာတ်ငွေ့တင်ပို့ရေးနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အာမေးနီးယား၊ ဘီလာရုစ်နှင့် ကာဂျစ်စတန်တို့သည် အဓိကတင်သွင်းသူများဖြစ်နေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများကြား သာတူညီမျှရှိမှုဟန်ချက်ပျက်လျက်ရှိသည်။ EAEU အတွင်းရှိ ဓာတ်ငွေ့တင်ပို့သူနှင့် တင်သွင်းသူနိုင်ငံများသည် သဘာဝဓာတ်ငွေ့ဘုံဈေးကွက်မှ မတူညီသော မျှော်မှန်းချက်များနှင့် ရလဒ်များ မျှော်လင့်လျက်ရှိကြသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် သမဂ္ဂအတွင်း ဓာတ်ငွေ့လုံခြုံရေးနှင့်စပ်လျဉ်း၍ သဘောထားအမြင်များ ကွဲလွဲလျက်ရှိသည်။

သာဓကအနေဖြင့် လက်ရှိအဆင့်အတိုင်း ဆက်လက်ထိန်းသိမ်းထားနိုင်ရေးသည် ရုရှားနှင့် ကာဇက်စတန်တို့အတွက် အရေးပါလျက်ရှိသည်။ သို့သော် အာမေးနီးယား၊ ဘီလာရုစ်နှင့် ကာဂျစ်စတန်နိုင်ငံတို့သည် သဘာဝဓာတ်ငွေ့တင်သွင်းမှုအပေါ် မှီခိုနေရပြီး သမဂ္ဂအတွင်း ဝယ်ယူသူအားလုံး သာတူညီမျှရှိမှုကို ရှာဖွေလျက်ရှိသည်။ သဘာဝဓာတ်ငွေ့တင်သွင်းသူများသည် ထုတ်လုပ်သောနိုင်ငံများ၏ ပြည်တွင်းဈေးနှုန်းအတိုင်းဝယ်ယူလိုသော်လည်း တင်ပို့သူများအနေဖြင့်လည်း အကျိုးအမြတ်ဖြစ်ထွန်းမှုကို အလေးထားလျက်ရှိသည်။

ပြည်တွင်းဈေးကွက်တိုးတက်ရေးအတွက် ပထမဆုံးလုပ်ဆောင်ရမည့်အရာသည် ပြည်တွင်းဈေးကွက်စည်းမျဉ်းစည်းကမ်းများချမှတ်ပြီး လက်ဝါးကြီးအုပ်သည့်ပုံစံကို ရှောင်ကြဉ်သွားရန်လိုအပ်သည်။ သမဂ္ဂအတွင်း စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘုံဈေးကွက်ဖန်တီးသွားရန် အလားအလာများ ရှိနေဆဲပင်ဖြစ်သည်။ ၎င်းအဖွဲ့အစည်းအတွင်းရှိ နိုင်ငံများသည် ဆိုဗီယက်ခေတ်ကတည်းက သဘာဝဓာတ်ငွေ့တင်ပို့သည့် အခြေခံအဆောက်အအုံများ ပိုင်ဆိုင်ထားရှိပြီး ၎င်းတို့အချင်းချင်း ကာလရှည်ကြာဓာတ်ငွေ့ကုန်သွယ်မှုလုပ်ဆောင်လျက်ရှိသည်။ သို့သော် ရုရှား၏ Gazprom သည် ၎င်း၏ လက်ခွဲကုမ္ပဏီများဖြင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် တင်ပို့မှုကို လွှမ်းမိုးထားဆဲပင်ဖြစ်သည်။ ထို့ကြောင့် ရုရှား၏ သဘာဝဓာတ်ငွေ့ဈေးကွက်သည် EAEU သဘာဝဓာတ်ငွေ့ဘုံဈေးကွက်တွင် လွှမ်းမိုးမှုဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။ ထိုသို့ ထိန်းချုပ်ထားနိုင်ခြင်းသည် ဒေသတွင်း၌ ရုရှား၏ ပထဝီနိုင်ငံရေးဆိုင်ရာလွှမ်းမိုးမှုကို အထောက်အကူပြုလျက်ရှိသည်။

၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ကာဇက်စတန်နိုင်ငံရေးသမားများသည် EAEU အတွင်း ၎င်းတို့တိုင်းပြည်၏အဆင့်အတန်းအပေါ် မကျေနပ်ကြောင်း ထုတ်ဖော်ပြောဆိုလာခဲ့သည်။ သာဓကအနေဖြင့် ဥရောပစီးပွားရေးကော်မရှင်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာဝန်ကြီးသည် ဘီလာရုစ် အရက်ဈေးကွက်အတွင်း ဝင်ရောက်နိုင်ခြင်းမရှိသည့်အတွက် စိတ်ပျက်လျက်ရှိသည်။ ဘီလာရုစ်နိုင်ငံသို့တင်သွင်းမည့် ကုန်စည်များသည် သမ္မတ၏အတည်ပြုချက်လိုအပ်သည်။

၂၀၂၂ ခုနှစ်မှစ၍ ကာဇက်စတန်နိုင်ငံသည် EAEU အကောက်ခွန်ပေးချေမှုတွင် ဝေစုပိုမိုရရှိရေး ဆွေးနွေးလျက်ရှိသည်။ လက်ရှိအချိန်တွင် EAEU နိုင်ငံခြားစီးပွားရေးလှုပ်ရှားမှုများတွင် ပါဝင်နေသော အဖွဲ့ဝင်နိုင်ငံများသည် ပို့ကုန်၊ သွင်းကုန်မှရရှိသော အခွန်ငွေစုစုပေါင်းကို အချိုးကျပြန်လည်ခွဲဝေလျက်ရှိသည်။ ကာဇက်စတန်နှင့် EAEU အဖွဲ့ဝင်နိုင်ငံများကြားကုန်သွယ်မှုသည် ၁၁ ဒသမ ၆ ရာခိုင်နှုန်းထိ မြင့်တက်လျက်ရှိသော်လည်း စုစုပေါင်းအကောက်ခွန်သည် ၇ ရာခိုင်နှုန်းအောက်တွင်သာ ရရှိလျက်ရှိသည်။ အာမေးနီးယားနိုင်ငံသည် ၁ ဒသမ ၂၂ ရာခိုင်နှုန်း၊ ကာဂျစ်စတန်နိုင်ငံက ၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဘီလာရုစ်နိုင်ငံက ၄ ဒသမ ၈၆ ရာခိုင်နှုန်းသာရရှိသည်။ ကျန်ရှိသော ၈၅ ဒသမ ၁ ရာခိုင်နှုန်းသည် ရုရှားလက်ဝယ်သို့ ရောက်ရှိသွားသည်။

ကာဇက်စတန်နိုင်ငံသည် စွမ်းအင်အရင်းအမြစ်အပြင် အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုးမှာလည်း ပိုမိုလျက်ရှိသဖြင့် EAEU ၏ အဓိကအဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ရုရှားနိုင်ငံသည် EAEU အတွင်း၌ ကာဇက်စတန်နိုင်ငံနှင့် ပြည်ပကုန်သွယ်မှု ၉၂ ရာခိုင်နှုန်းရှိပြီး ကာဂျစ်စတန်နိုင်ငံနှင့် ၄ ဒသမ ၇ ရာခိုင်နှုန်း၊ ဘီလာရုစ်နိုင်ငံနှင့် ၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် အာမေးနီးယားနိုင်ငံနှင့် သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့သည်။ ကာဇက်စတန်သမ္မတက လွန်ခဲ့သောနှစ်များအတွင်း EAEU ၌ ကာဇက်စတန်နိုင်ငံ၏ကုန်သွယ်မှုတန်ဖိုးသည် ၇၄ ရာခိုင်နှုန်းကျော်လွန်ခဲ့ခြင်းကြောင့် ပြည်ပပို့ကုန်သည် ၉၈ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်း မေလအတွင်း ရုရှား၌ပြုလုပ်သည့်အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

လက်ရှိအချိန်တွင် EAEU တွင် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လျက်ရှိသည့်အပြင် ငွေကြေးဖောင်းပွမှုများကြောင့် အဖွဲ့ဝင်နိုင်ငံများကြား လိုရာဆွဲ၍ပြောဆိုမှုများလည်း ဖြစ်ပေါ်လာလျက်ရှိသည်။ ထို့ကြောင့် EAEU အတွင်း အကျပ်အတည်းများသည် အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားများအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာလျက်ရှိပေသည်။

**❖ လက်ရှိအချိန်တွင် EAEU ၏ အဓိကလုပ်ငန်းတာဝန်များအနက် တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်သွားရန်ပင်ဖြစ်သည်။ သို့သော် အဖွဲ့ဝင်ငါးနိုင်ငံ၏ ဈေးကွက်ပမာဏနှင့်မညီမျှသော အကျိုးစီးပွားများသည် EAEU ၏ ကြိုးပမ်းမှုများကို အမြဲတစေလွှဲချော်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါ မညီမျှမှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများအောင်မြင်မှုရရှိရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ ❖**

**ကိုးကား**

**Who Benefits From the Eurasian Economic Union? by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရုပ်ရှင်အပျော်တမ်းဘောလုံးအသင်းက ငွေကျပ် ၁၀ သိန်း လှူဒါန်း



**ရန်ကုန် ဇွန် ၂၁**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်ရုပ်ရှင်လောကသားများ၏ သားသမီးများကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပံ့ပိုးပေးရေးအတွက် ရုပ်ရှင်အပျော်တမ်းဘောလုံးအသင်းက အလှူငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏သားသမီးများအနက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာပံ့ပိုးမှု လိုအပ်သူအားလုံးကိုရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပံ့ပိုးနိုင်ရေးအတွက် မေ ၁၉ ရက်မှစ၍ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိရာ ဇွန် ၂၀ ရက်က ရုပ်ရှင်အပျော်တမ်းဘောလုံးအသင်းက ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

“မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုယ်စားပြု ရုပ်ရှင်အပျော်တမ်းဘောလုံးအသင်းက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားတွေရဲ့ သားသမီးတွေအတွက် ကျောင်းဝတ်စုံနဲ့စာရေးကိရိယာတွေ ပံ့ပိုးပေးဖို့အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ပါတယ်”ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထိုသို့ ပံ့ပိုးပေးနိုင်ရန်အတွက် ကျောင်းနေအရွယ် သားသမီးရှိသူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအနေဖြင့် ယခုဇွန်လအတွင်း အသင်းဝင်ကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ထောက်ခံချက်မူရင်းများဖြင့် ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ ASH

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသော ကြာဖူးလက်ကိုင်ကလပ်မော်ဒန်ဒီဇိုင်းသစ်အရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်သို့ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသော ကြာဖူးလက်ကိုင်ကလပ်မော်ဒန် ဒီဇိုင်းသစ်အရုပ်များဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေဆင်မင်းမြန်မာမှုအနုလက်ရာအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ထားထားဦးက ပြောပြ၍ သိရသည်။

အဆိုပါအရုပ်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း အရုပ်အရေအတွက် ၅၀ ခန့်ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

“အခုဈေးကွက်ထဲ ဝင်လာတဲ့ ကြာဖူးလက်ကိုင်ကလပ်မော်ဒန် ဒီဇိုင်းသစ်အရုပ်လေးတွေက တကယ့်ကို ပုံဆန်းဒီဇိုင်းသစ်ဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ တစ်ခါမှမရောက်ဖူးသေးတဲ့ ဒီဇိုင်းဖြစ်တာကြောင့် ပြည်တွင်းကလဲ စိတ်ဝင်စားကြပါတယ်။ ကြာဖူးလက်ကိုင်ကလပ် ပုံဆန်းလေးဖြစ်ပြီး ကြာဖူးထဲတွင် ဖယောင်းဆီမီးပူဇော်နိုင်ဖို့အတွက် စတီးခွက်ကလေးထည့်ပြီး ထုလုပ်ပုံဖော်ထားပါတယ်။ အမြင်ဆန်းပြီး လက်ရာတွေလဲ သေသပ်တဲ့အတွက် ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာအလှထားဖို့ ဝယ်ယူကြတာများပါတယ်”ဟု ဒေါ်ထားထားဦးက ပြောပြသည်။



အဆိုပါ မလေးရှားပိတောက်သားဖြင့်ထုလုပ်ထားသော အမြင့် ၁၃ လက်မရှိ ကြာဖူးလက်ကိုင်ကလပ်မော်ဒန်ဒီဇိုင်းသစ်အရုပ် တစ်ရုပ်လျှင် ငွေကျပ် ၈၅၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လတ်တလောတွင် အရုပ် ၁၀ ရုပ်ခန့် ရောင်းချထားကြောင်း သိရသည်။ ASH

# နပ်သွားပြီ ရုပ်ရှင်ဇာတ်ကားကို မျက်နှာသစ်သရုပ်ဆောင်များဖြင့် ရိုက်ကူးသွားမည်

**ရန်ကုန် ဇွန် ၂၁**

Golden Spider ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးမည့် နပ်သွားပြီ ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လတွင် မျက်နှာသစ်သရုပ်ဆောင်များဖြင့် ရိုက်ကူးသွားမည်ဖြစ်ကြောင်း Golden Spider ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဂျူးဂျူးစံက ပြောပြ၍ သိရသည်။

နပ်သွားပြီ ရုပ်ရှင်ဇာတ်ကားကို ဂျူးဂျူးစံက စီစဉ်ပြီး ဒါရိုက်တာကိုရွှေမိုးက ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကာ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်မည့်သရုပ်ဆောင်အချို့အတွက် သရုပ်ဆောင်သစ်များကို ဝါရင့်အနုပညာရှင်များဖြင့် အဆင့်အဆင့် ရွေးချယ်ထားကြောင်း သိရသည်။

“နပ်သွားပြီဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကတော့ ၂၀၂၃ ခုနှစ်အမီ ရုံတင်ပြသမဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားက တကယ်ကို ထွက်မှာလား၊ တကယ်ကော ရုံတင်ပြသမှာလားဆိုတာမျိုးကို သိချင်လို့ မေးထားတာလဲရှိကြတော့ အခုက အကုန်လုံးကို ဒီဇာတ်ကားလေး ထွက်ရှိလာမဲ့အကြောင်းကို သေချာလေး အသိပေးကြေညာချင်ပါတယ်။ Golden Spider ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ဂျူးတို့စီစဉ်တဲ့ဒီဇာတ်ကားထဲမှာ ဝါရင့်အနုပညာရှင်တွေလဲ ပါဝင်ပြီး မျက်နှာသစ်သရုပ်ဆောင်များစွာလဲ ပါဝင်မှာဖြစ်ပါတယ်။ ဝါရင့်သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်မှုတွေနဲ့အတူ မျက်နှာသစ်သရုပ်ဆောင်တွေရဲ့ ကြိုးစားအားထုတ်မှုတွေကို ဘယ်လိုမျိုးမြင်တွေ့ရမလဲဆိုတာကို ဆက်လက်စောင့်ကြည့်အားပေးပါလို့ ပြောချင်ပါတယ်”ဟု စီစဉ်သူ ဂျူးဂျူးစံက ပြောပြသည်။

နပ်သွားပြီ ရုပ်ရှင်ဇာတ်ကားတွင် မျက်နှာသစ် သရုပ်ဆောင်များဖြစ်သည့် သရုပ်ဆောင် ယဉ်ဆည်းဆာလင်း၊ ယုယလင်းလက်၊ မေမြတ်သူသူ၊ မြသန္တာနွယ်၊ ထက်မြက်ကိုကို၊ ရဲထက်ကျော်၊ အောင်မိုးစံ၊ တိမ်ယံမိုး၊ ကောင်းဝေယံနှင့် ဝါရင့်ဟာသသရုပ်ဆောင်များစွာဖြင့် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Day Shift နောက်ဆက်တွဲဇာတ်ကား Netflix က ဆက်လက်ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇွန် ၂၁**

Day Shift အက်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို Netflix ရုပ်ရှင်ကုမ္ပဏီက ဆက်လက်ရိုက်ကူး ထုတ်လုပ်ဖွယ်ရှိကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Day Shift နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရေးအတွက် Netflix ကုမ္ပဏီသည် Day Shift ဒါရိုက်တာ ဂျေဂျေပယ်ရီနှင့် ဆွေးနွေးနေပြီး Night Shift ဟု၍ အမည်ပေးမည့် အဆိုပါဇာတ်ကားအတွက် Netflix နှင့် ဆွေးနွေးနေမှုကို ဒါရိုက်တာဂျေဂျေပယ်ရီက အတည်ပြုထားသည်။

Night Shift ဇာတ်ကား ဝတ္ထုဇာတ်ညွှန်းအတွက် John Wick-4 ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်ဖင့်ကို ခေါ်ယူရန် ဒါရိုက်တာ ဂျေဂျေပယ်ရီက စီစဉ်ထားကြောင်း သိရသည်။

Netflix ကုမ္ပဏီက ပြီးခဲ့သည့်နှစ်အတွင်း ပြသခဲ့သော Day Shift ဇာတ်ကားသည် နေ့ပိုင်းတွင် သန့်ရှင်းရေးသမားအဖြစ် အလုပ်လုပ်၍ ညပိုင်းတွင် သွေးစုပ်ဖုတ်ကောင် သုတ်သင်ရေးသမားအဖြစ် မိသားစုဝင်ငွေရှာဖွေနေသူတစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# The Shrouds ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းပြီးဆုံး

**နယူးယောက် ဇွန် ၂၁**

The Shrouds အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

The Shrouds ဇာတ်ကားကို နာမည်ကျော် ကနေဒါ ဒါရိုက်တာ ဒေးဗစ်ကရိုနင်ဘာ့က Prospero Pictures ရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးထားခြင်းဖြစ်သည်။

Prospero Pictures နှင့် ဒါရိုက်တာ ဒေးဗစ်ကရိုနင်ဘာ့တို့ သည် The Shrouds ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ပြီးခဲ့သည့်သီတင်းပတ်အနည်းငယ်ကမှ ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် မြေလွှာအောက်၌ ကွယ်လွန်သူများနှင့်ဆက်သွယ်နိုင်သည့် ကိရိယာတစ်မျိုး ဖန်တီးမိခဲ့သောစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Shrouds ဇာတ်ကားတွင် မင်းသား ဗင်ဆင်ကတ်ဆယ်က အဓိကဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO



# Number of trucks to export goods to China through Lweje border gate increases



Cargo trucks seen near Lweje border gate.

**Myitkyina June 21**

The number of trucks to export goods such as rice, beans, and corn to China through the Lweje border gate has increased again, said Daw Tuu, vice chairperson of the Kachin State Highway Freight Forwarders Association.

Goods originating from Kachin state are being traded regularly through the Lweje border gate to China. Currently, the number of trucks exporting goods such as rice, beans, corn, peppers, and onions from the border gate has increased.

"Now, the export of domestically produced melons, mangoes, rice, beans, corn, peppers, onions, fish paste and dried fish from the Lweje border gate to China have increased again. As the availability of goods has increased, the number of 22-wheeler trucks to be exported from the Lweje border gate to China has also increased," he continued.

In the first week of June, there were only more than 200 trucks per day, but since the second week of June, the number of trucks exporting these goods has increased to more than 500 trucks per day. 184

# US-China tensions: Biden calls Xi a dictator a day after Beijing talks

**Washington June 21**

US President Joe Biden has called Chinese President Xi Jinping a dictator at a fundraising event in California.

His remarks came a day after US Secretary of State Antony Blinken met Mr Xi for talks in Beijing, which were aimed at easing tensions between the two superpowers.

Mr Biden also said Mr Xi was embarrassed after an alleged Chinese spy balloon was shot down by the US.

China said it "firmly opposes" Mr Biden's comments.

"The reason why Xi Jinping got very upset, in terms of when I shot that balloon down with two box cars full of spy equipment in it, was he didn't know it was there," Mr Biden said at the event on Tuesday.

"That's a great embarrassment for dictators. When they didn't know what happened," he added.

The balloon, which China says was monitoring weather, drifted across the continental US before being destroyed by American military aircraft in February.

Washington later said it was part of a sprawling Chinese intelligence collection programme. Mr Blinken, who was meant to visit Beijing at the time, postponed the trip in the wake of the incident. BBC

# Dept. plans to provide professional navigators for passenger ships at the rate of 3,000 kyats per mile

**Mandalay June 21**

Navigation experts will be hired at the rate of 3,000 kyats per mile for passenger ships that will travel from Mandalay to Mingun, Bagan, etc. during the rainy season, according to U Ye Tun Lin Aung, Deputy Director of Waterways Department under the Development of Water Resources and Rivers Department for Region-5, Mandalay Region,.

"This is the rainy season and water level in the Ayeyawady River is high, so passenger ships usually only go to Mingun. Only a few ships went to Bagan and Bhamo, so they don't know the waterways. Because they don't know the water course, it's dangerous if they go to places with shallow water. We will rent the navigators for a fee of 3,000 kyats per mile," he continued.

Due to the current high water level in the Ayeyawady River, the work of navigation along the Bhamo-Mandalay-Singu waterway will be temporarily suspended from coming July. 184



A passenger boat operating in the Ayeyawady River.

# Four Israelis killed by Palestinian gunmen near West Bank settlement

**Jerusalem June 21**

Four Israelis, including a teenage boy, have been shot dead in an attack near a settlement in the occupied West Bank.

Four others were wounded, one of them seriously, when two Palestinian gunmen opened fire at a restaurant and petrol station outside Eli on Tuesday.

The Palestinian militant group Hamas said the gunmen were its members.

One was shot dead at the scene by an armed civilian, while the second fled in a stolen car and was later killed by Israeli forces in the town of Tubas.

Israel's prime minister said "all options are open" in response to what he called the "shocking and abhorrent terrorist attack", which followed heightened violence across the West Bank in recent days.

A spokesman for Hamas said the shooting was a response to an Israeli military raid in Jenin on Monday in which seven Palestinians were killed.

Tuesday's shooting took place just to the south of Eli on Highway 60, the main road between the Palestinian cities of Ramallah and Nablus. BBC

Israel Defense Forces (IDF) spokesman Rear Admiral Daniel Hagari said in a statement that the two gunmen arrived in a car from the village of Urif, about 10km (6 miles) to the north. BBC



The two gunmen arrived in a car and fire at people at the petrol station and a nearby hummus restaurant.

# Camp-based rehabilitation training courses to be conducted for former drug addicts in Mandalay

**Mandalay June 21**

Camp-based rehabilitation training courses will be conducted covering vocational skills at the rehabilitation centre in Mandalay city for those who have beaten drug addiction, said U Nyunt Myaing, manager of the rehabilitation centre.

The courses will be conducted in line with the Covid-19 guidelines of the Ministry of Health and Sports. A total of 20 trainees will be accepted for a course that will start in the last week of June. The course will include motorcycle service and repair, hairdressing, and oil soap making.

"We have started accepting trainees. There will be cost sharing for the course. Currently, we are cooperating with relevant departments. The number of trainees will be less. The course will last three months. The trainees will also receive physical exercise training," U Nyunt Myaing said.

The course is aimed at improving the lives of those who have beaten their drug addiction, human resources for the State and rehabilitating their physicality and mentality. 185

# Myanmar garment entrepreneurs to join 4th Int'l Garment expo in Paris


The worksite of a garment factory.

**Yangon June 21**

Myanmar garment entrepreneurs will showcase their products at the 4th International Garment Expo to be held in Paris of France, said CEC member Daw Khaing Zargyi Win of the Myanmar Garment Entrepreneurs Association.

A total of 20 entrepreneurs will display their products made in own designs at the expo which will last from 3 to 5 July.

The CEC continued, "The expo is held twice a year in France. Myanmar Garment Entrepreneurs Association attended it for the first time in 2017. Again, they showed off their products with the catwalk show at the expo in 2019. Hence, Myanmars' products could be introduced to the world. But, they missed the chance to join the expo due to outbreak of Covid-19. This year, they will attend it. Myanmar will show off their products at five booths—one for the association and four for factory owners."

Myanmar entrepreneurs slate to showcase garment designs and beautiful products to the international garment entrepreneurs at the expo.

Currently, China put the largest amount of investments in Myanmar's CMP factories, followed by Taipei, Thailand, Korea and Japan. CMP products are exported to Thailand, China, Singapore and European countries.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar's dried chilli flows out to China through land border

**Nay Pyi Taw June 21**

Myanmar Garlic, Onion and Kitchen Crops Growers and Exporter Association CEC member U Aung Moe Kyi said that Myanmar's dried chilli which flows out to China through land border are getting good price in the market.

In this regard, the dried chilli is more marketable in June than the previous month in 2023-24 financial year.

"Chilli flows out to China through border trade route. Despite monthly export, now it is exported to China in almost all months. Merchants purchase chilli from Muse or Kyinsankyaw. Depending on orders, Myanmar businesspersons send the stocks to them. Dried chilli fetches K15,000 to K15,500 per viss. In the past, dried chilli had got more than K30,000 per viss as a recorded price. So far, three truckloads of dried chilli weighing 10 tons each have been sent to China within two weeks of June. In May, dried chilli was sent by a truck only," said the CEC member.


Chilli being dried in the sun.

In previous years, as prices of inputs such as fertilizers, agricultural machinery and others were higher, sown acreage of chilli was down. Despite declining of per-acre yield, prices of chilli were higher in the international market. So, local growers decided to cultivate chilli this year as usual.

As Chinese market prefers Myanmar's dried chilli, Myanmar farmers do not plunk fresh chilli but pick out them to be dried under Sun for grasping the foreign market.

Chilli is mostly grown in Ayeyawady, Magway, Mandalay and Sagaing regions and Shan State.

ASH

# More than 5,000 tons of condensed milk, milk powder imported in May

**Nay Pyi Taw June 21**

The Ministry of Commerce stated that more than 5,000 tons of condensed milk and milk powder worth more than US$3 million in May of 2023-24 financial year.

Due to local demand, condensed milk and milk powder are imported on a monthly basis through maritime and border trade routes. In May, these were not imported from land border but shipping only.

In May, the second month of 2023-24 FY, 5,520 tons of condensed milk and milk powder worth US$3.86 million were imported.

In his regard, 1,920 tons of condensed milk worth US$2.557million and more than 3,600 tons of milk powder worth US$1.303 million were imported.

A total of 1100 tons of condensed milk was bought from Singapore, 800 tons from Malaysia and 20 tons from Thailand and milk powder from New Zealand.

At the same time, relevant ministries are increasing production of milk and dairy products and extending breeding of dairy cows. Moreover, the government cooperates with New Zealand in implementing the extended farming of dairy cows. Some 300,000 dairy cows produce eight tons of milk per year.

But, drinking of milk per person reaches 26 kilos per year, so some US$100 million worth of milk and dairy products are imported abroad yearly.

336



Tins of powdered milk seen in the rack of a supermarket.

# Dried elephant foot yam vermicelli from Shan State sells well across Myanmar

**Taunggyi June 21**

Dried vermicelli made from elephant foot yam tuber in Shan State is selling well in the local market, according to sources released by the Shan State Consumer Affairs Department on 19 June.

Many areas in Shan State are producing elephant foot yam on a commercial scale for export purposes. Elephant foot yam usually goes abroad after being dried and powdered. Now, it is also being made into dried vermicelli as a value-added foodstuff that started about two years ago.

Elephant foot yam vermicelli is popular in most Asian countries including South Korea and Japan where it is usually called zero noodle.

Elephant foot yam vermicelli contains no fat or sugar so it is suitable for those suffering from constipation and diabetics and those willing to maintain their body weight. It can also be fried, boiled or made into a salad together with vegetables.

It is now even in high demand in the domestic market including various regions outside Shan State such as Yangon. A packet of elephant foot yam vermicelli is priced at K1,500 to K3,000 depending on the size.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက ကန်ဒေါ်လာ သုံးဘီလီယံတန် MQ-9B Predator ဒရုန်းများဝယ်ယူရန် အမေရိကန်နိုင်ငံနှင့် သဘောတူညီမှုရရှိ



အိန္ဒိယအစိုးရသည် အမေရိကန်ကုမ္ပဏီ General Atomics ထံမှ MQ-9B Predator ဒရုန်း ၃၁ စင်းကို ဝယ်ယူရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ဇွန် ၁၉ ရက်က The Defense Post တွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ သုံးဘီလီယံ တန်ဖိုးရှိ အဆိုပါ ဝယ်ယူရေးသဘောတူညီချက်ကို ပြီးခဲ့သည့်နှစ်နှစ်ကျော်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကနဦး အတည်ပြုခဲ့သည်။ သို့သော်လည်း အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာနသည် အပြီးသတ်ဝယ်ယူရေး ဆုံးဖြတ်ချက်ချရာတွင် ထည့်သွင်းစဉ်းစားရာမူဝါဒရေးရာများကြောင့် နှောင့်နှေးမှုများကြုံတွေ့ခဲ့ရသည်။

အိန္ဒိယနိုင်ငံပိုင် The Hindustan Times သတင်းဌာန၏အစီရင်ခံစာအရ အဆိုပါသဘောတူညီချက်တွင် MQ-9B Sea Guardians ၁၅ စင်းနှင့် MQ-9B Sky Guardian မောင်းသူမဲ့လေယာဉ် ၁၆ စင်း နည်းပညာဆိုင်ရာ လွှဲပြောင်းပေးခြင်းအပါ ထုတ်လုပ်ခြင်းနှင့်လွှဲပြောင်းပေးပို့ခြင်းတို့ ပါဝင်သည်။

၎င်းတို့ကို တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ပင်လယ်ရေကြောင်းစောင့်ကြည့်ရေးနှင့် ကင်းထောက်ရေးတို့အတွက် အသုံးပြုမည်ဖြစ်သည်။ အမြင့်ပေမြင့်မားစွာ လေထဲတွင် တစ်ဆက်တစ်စပ်တည်းအချိန်ကြာမြင့်စွာ ပျံသန်းမောင်းသူမဲ့စနစ် ၃၁ စင်းကို ဝယ်ယူရာတွင် ပထမအသုတ်အနေဖြင့် လက်နက်မပါဘဲ ဒရုန်း ၁၀ စင်းရောက်ရှိလာပြီး အဆင့်လိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် Narendra Modi သည် လာမည့်အပတ်တွင် အမေရိကန်သမ္မတ Joe Biden နှင့်တွေ့ဆုံမည့်အချိန်တွင် အဆိုပါသဘောတူညီချက်၏ အတည်ပြုချက်ကို တရားဝင်ကြေညာမည်ဟု မျှော်လင့်ရသည်။

General Atomics ၏ MQ-9B ဒရုန်းသည် Hellfire ဒုံးကျည်များကို သယ်ဆောင်နိုင်သော MQ-9 Reaper ၏ မူကွဲတစ်ခုဖြစ်သည်။ Sky Guardian ဗားရှင်းတွင် ပျံသန်းမှုအချိန်သည် နာရီ ၄၀ ကျော်ရှိပြီး မိုးကုတ်စက်ဝိုင်းအလွန်ဂြိုဟ်တုမှ ချိတ်ဆက်ဆက်သွယ်၍ ပျံသန်းနိုင်သည်။ အဆိုပါဒရုန်းတွင် ပြီးပြည့်စုံသော Lynx ဘက်စုံသုံးရေဒါ၊ အဆင့်မြင့်အီလက်ထရွန်နစ်၊ အနီအောက်ရောင်ခြည်အာရုံခံကိရိယာ၊ အလိုအလျောက်ပျံတက်နိုင်မှုနှင့် ဆင်းသက်နိုင်မှုတို့ပါရှိသည်။

Sea Guardian သည် ကျယ်ပြန့်စွာ ထောက်လှမ်းနိုင်သော ပင်လယ်ရေကြောင်းသုံးရေဒါ၊ အလိုအလျောက်ဖော်ထုတ်၊ စိစစ်ခွဲခြားရေးစနစ်၊ အီလက်ထရွန်နစ်စစ်ဆင်ရေးပံ့ပိုးမှုစနစ်များနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလက်နက်စနစ်များပါရှိသော ပင်လယ်ရေကြောင်းသုံး MQ-9B ဒရုန်းအမျိုးအစားဖြစ်သည်။ ၎င်းသည် သမုဒ္ဒရာမျက်နှာပြင်အထက်နှင့် အောက်ဘက်တွင် အချိန်နှင့်တစ်ပြေးညီရှာဖွေမှုနှင့် ကင်းလှည့်ထောက်လှမ်းမှုတို့ကို ဆောင်ရွက်နိုင်သည်။ အိမ်နီးချင်းတရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် တင်းမာမှုများတိုးပွားလာနေချိန်တွင် အိန္ဒိယစစ်ဘက်အတွက် ဒရုန်းများသည် အဓိကအရေးပါသောတိုက်ပွဲဝင်စွမ်းအားကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြသည်။

၂၀၂၂ ခုနှစ်တွင် Predator ၏ တားမြစ်ထားသော ကုန်ကျစရိတ်ကြောင့် အိန္ဒိယနိုင်ငံသည် ငွေကျပ်သုံးဘီလီယံတန်ဖိုးရှိသော သဘောတူညီချက်ကို ဖျက်သိမ်းခဲ့သည်ဟု ထိပ်တန်းအစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**India OKs Stalled $3B MQ-9B Predator Drone Acquisition Deal With US ကို ဘာသာပြန်ဆိုထားပါသည်။**

## တန်ပြန်ထိုးစစ်ကိုရပ်တန့်ရန်နှင့် မြေပြင်ပစ်မှတ်များကိုတိုက်ခိုက်ရန် ရုရှားက BAL ကမ်းရိုးတန်းဒုံးကျည်စနစ်ကို ဖြန့်ကြက်ထား

ယူကရိန်း၏တန်ပြန်ထိုးစစ်ကို ရပ်တန့်ရန်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် ရုရှားတပ်ဖွဲ့များသည် BAL ကမ်းရိုးတန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်ထားခဲ့ကြောင်း ဇွန် ၁၅ ရက်က စစ်ပွဲလေ့လာရေးအင်စတီကျု (ISW)မှ အစီရင်ခံစာများအရ သိရသည်။

ယူကရိန်းတပ်ဖွဲ့များသည် Bakhmut မြို့၏မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် အောင်မြင်စွာထိုးစစ်ဆင်နိုင်ခဲ့ကြောင်း ယူကရိန်းစစ်ဦးစီးချုပ်၏ ပြောရေး ဆိုခွင့်ရှိသူ Oleksandr Shtupun က ပြောကြားခဲ့သည်။

ယူကရိန်းတပ်ဖွဲ့များသည် Donetsk မြို့၏အနောက်တောင်ဘက် ကီလိုမီတာ ၃၀ အကွာရှိ Vuhledar မြို့တစ်ဝိုက်တွင် ၎င်းတို့၏ နည်းဗျူဟာမြောက်အချက်အခြာနေရာများကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Zaporizhia Oblast ရှိ အနောက်တောင်ဘက်နှင့် Orikhiv မြို့ တောင်ဘက်တွင် ယူကရိန်းတပ်များ၏ တန်ပြန်ထိုးစစ်ဆင်မှုများ အောင်မြင်မှုမရရှိခဲ့ကြောင်း တစ်ဖက်ကလည်း ရုရှားစစ်ဘက်ဘလော့ဂါများက ထုတ်ဖော်ပြောကြားထားသည်။ ယူကရိန်းတပ်ဖွဲ့များသည် ပိုမိုကောင်းမွန်သောရာသီဥတုအခြေအနေများကို အသုံးချကာ ဒေသတွင်းတန်ပြန်ထိုးစစ်များကို အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု ၎င်းတို့က ဆိုကြသည်။

ယူကရိန်းစစ်ဦးစီးချုပ်ရုံး ပင်မစစ်ဆင်ရေးဌာနလက်ထောက်ဌာနမှူး ဗိုလ်မှူးချုပ် Oleksii Hromov က ဇွန် ၁၅ ရက်တွင် ရုရှားတပ်ဖွဲ့များသည် Bal Kh-35 ကမ်းရိုးတန်းကာကွယ်ရေးဒုံးကျည်စနစ်ကို Bryansk ဒေသတွင် တပ်စွဲထားပြီး ရုရှားတပ်ဖွဲ့များသည် Zhytomyr၊ Kyiv၊ Poltava၊ Cherkasy၊ Chernihiv၊ Sumy နှင့် Kharkiv မြို့တို့ရှိ ယူကရိန်းနိုင်ငံအနောက်ဘက်ခြမ်းဒေသများကို တိုက်ခိုက်မှုပြုလုပ်နိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ထားသည်။ ရုရှားတပ်ဖွဲ့များသည် S-300 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များကဲ့သို့သော အမျိုးမျိုးသောဒုံးကျည်စနစ်များကို မြေပြင်ပစ်မှတ်များအား တိုက်ခိုက်ရန်နှင့် တိကျပဲ့ထိန်းလက်နက်ခဲယမ်းပြတ်တောက်မှုများအတွက် ကာမိစေရန် တိုက်ပွဲဝင်အသုံးပြုခဲ့သည့်အတွက်ကြောင့် ယခုလို ကမ်းရိုးတန်းကာကွယ်ရေးစနစ် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန် ကုန်းတွင်းပိတ်နယ်မြေများ၌ တပ်ဖြန့်ချထားခြင်းမှာ ဖြစ်နိုင်ဖွယ်ရှိနေသည်။



BAL ကမ်းရိုးတန်းဒုံးကျည်ကာကွယ်ရေးစနစ်သည် စစ်သင်္ဘောများကို တိုက်ခိုက်ဖျက်ဆီးရန် အထူးပြုလုပ်ထားသောအဆင့်မြင့်ရုရှားထုတ်ယာဉ်တင်ဒုံးကျည်စနစ်တစ်ခုဖြစ်သည်။ ၎င်းသည် ကမ်းတက်တပ်ခွဲများ၊ ယာဉ်တန်းများ၊ လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်များ၊ စစ်ရေယာဉ်များကို ကမ်းတက်စစ်ဆင်ရေးရည်မှန်းချက်များ နှောင့်နှေးစေရန် အချိန်ဆွဲတိုက်ခိုက်နိုင်စွမ်းရှိသည်။ အဆိုပါစနစ်သည် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေပြီး ရန်သူ့အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုအခြေအနေများအောက်တွင်ပင် မြေပြင်ပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိသည်။

BAL စနစ်၏ ထူးခြားသောအင်္ဂါရပ်များထဲမှတစ်ခုမှာ ၎င်း၏ ဗဟိုပစ်ခတ်မှုထိန်းချုပ်ရေးစနစ်ဖြစ်သည်။ ဤဆန်းသစ်တီထွင်မှုစနစ်သည် ဒုံးကျည်များ၏ အကောင်းမွန်ဆုံး တာဝန်ထမ်းဆောင်နိုင်ရန်ကူညီပေးနိုင်ပြီး ဒုံးကျည်တစ်စင်းကို အထိရောက်ဆုံးနည်းလမ်းဖြင့် ဖြန့်ကြက်အသုံးပြုနိုင်စေမည်ဖြစ်သည်။ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်သည် ကြီးမားသော Salvo ပစ်ခတ်မှု၏ နယ်ပယ်နှင့် အချိန်ဖွဲ့စည်းပုံကို ဖန်တီးပုံဖော်နိုင်ပြီး ရည်မှန်းချက်များစွာကို တစ်ပြိုင်နက်တည်း ပစ်မှတ်ထားတိုက်ခိုက်နိုင်စေသည်။ ကြီးကြပ်ကွပ်ကဲမှုဌာနမှ ထိန်းချုပ်တိုက်ပွဲဝင်သည့်အခါ ပစ်မှတ်ခြောက်ခုကို တစ်ပြိုင်နက်တည်း စီမံတိုက်ခိုက်နိုင်သည်။ Command Post နှစ်ခုမှ ထိန်းချုပ်ထားလျှင် နှစ်ဆတိုးလာပြီး ၁၂ ခုထိ တိုက်ခိုက်နိုင်ကာ ဒုံးပစ်လောင်ချာတစ်ခုစီမှ ပစ်မှတ် ၂၄ ခုထိ တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။

BAL စနစ်သည် Active နှင့် Passive ရေဒါထောက်လှမ်းမှုလမ်းကြောင်း နှစ်ခုစလုံးမှ အချက်အလက်များရရှိနိုင်သည်။ လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားပြီး ကျည်ထိုးကျည်သယ်ယာဉ်များ တွဲဖက်ဖွဲ့စည်းထားသည်။

**To stop Ukrainian counteroffensive Russia deploys BAL coastal missile system to strike land targets ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တရုတ်နိုင်ငံသို့ မြန်မာငရုတ်သီးခြောက်တင်ပို့မှု မြင့်တက်ပြီး ဈေးကောင်းရနေ



**ရန်ကုန် ဇွန် ၂၁**

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တရုတ်နိုင်ငံသို့ မြန်မာငရုတ်သီးခြောက် တင်ပို့မှုမြင့်တက်ပြီး ဈေးကောင်းရနေကြောင်း မြန်မာနိုင်ငံကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဇဟိုအလုပ်အမှုဆောင် ဦးအောင်မိုးကြည်က ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာငရုတ်သီးခြောက်များကို မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရာတွင် ယခုဘဏ္ဍာနှစ် ဇွန်လတွင် ယခင်လကထက် တင်ပို့မှုပိုမိုကာ ဈေးကောင်းရနေကြောင်း သိရသည်။

"ငရုတ်သီးခြောက်ကို တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ပါတယ်။ လစဉ်ပုံမှန်တင်ပို့မှုမရှိပေမဲ့ ဇွန်လထဲမှာ တင်ပို့မှု ခပ်စိပ်စိပ်ရှိနေပါတယ်။ အခုက မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက မှာရင်မှာမယ်။ ကျင်စန်းကျော့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက မှာရင်မှာမယ်။ မှာယူတဲ့အပေါ် မူတည်ပြီး ပို့ရတာ။ ဈေးကတော့ ငရုတ်သီးခြောက် တစ်ပိဿာကို ငွေကျပ် ၁၅၅၀၀ ဖြစ်ပါတယ်။ တင်ပို့မှုကတော့ ဇွန်လအတွင်းမှာ ဇွန်လဆန်းကနေ ဇွန်လ ဒုတိယပတ်ထိ ၁၀ တန်ပါ ၁၂ ဘီးကား သုံးစီးထိ တင်ပို့ပြီးပါပြီ။ အရင်လက တစ်လလုံးမှာ ၁၀ တန်ပါ ၁၂ ဘီးကားတစ်စီးပဲ တင်ပို့ခဲ့ပါတယ်"ဟု ဦးအောင်မိုးကြည်က ပြောပြသည်။

လက်ရှိ တရုတ်ဈေးကွက်တွင် မြန်မာငရုတ်သီးခြောက်ကို ကြိုက်နှစ်သက်ကြသည့်အတွက် ငရုတ်စိုက်တောင်သူများကလည်း ဈေးကွက်အလိုက် ငရုတ်သီးခူးဆွတ်ပြီး အစိုကို ရောင်းချခြင်းမရှိတော့ဘဲ အခြောက်လှန်းပြီး လျှောင်ကာ ပြည်ပဈေးကွက်အတွက် ပြင်ဆင်ရောင်းချနေကြောင်း သိရသည်။

ငရုတ်သီးကို မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။

ASH

# ဟုမ္မလင်းမြို့နယ်တွင် ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ဟုမ္မလင်း ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ထုံမာတဲကျေးရွာတွင် ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေ၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ထုံမာတဲကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ထုံမာတဲကျေးရွာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆၃ ဒသမ ၇၇၂ သန်းဖြင့် အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေ၊ ချင်းမြေ ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ အလျား ငါးပေ၊ အနံ ၁၈ ပေနှင့် အမြင့် ငါးပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းများကို တင်ဒါအောင် AKP Family Power ကုမ္ပဏီက ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက ပြောပြ၍ သိရသည်။

သက်မာ

# စလင်းမြို့နယ် ကြူတော(လ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူပင်ကျေးရွာအုပ်စု ကြူတော(လ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသော ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ စီမံကိန်းချေးငွေရယူသူ အသင်းသားများကို ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ အတိုးနှုန်းနှင့် အရင်းဆပ်ကာလ သတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ အတိုးငွေပေးသွင်းချိန်တွင် သတ်မှတ်ထားသောစည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၉ ဒသမ ၁၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသောအိမ်ထောင်စု ၁၅၆ စုအတွက် ငွေကျပ် ၄၉ ဒသမ ၁၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍သိရသည်။

သန်းသန်းစိုး




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧည့်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၅ |

(သာဓ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကြွေးကျန်များ စနစ်တကျ ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဘဏ်ခွဲများတွင် ရယူထားသော လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်(ပုံစံ-၇)မူရင်းများကွဲလွဲမှုမရှိစေရေး သက်ဆိုင်ရာလယ်ယာမြေစိစစ်ရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် အမြဲမပြတ် စိစစ်ဆောင်ရွက်ရန်၊ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဆူးလေဘုရားလမ်းရှိ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ကော်မရှင်အဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

ကော်မရှင်အဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မရှင်၏ အခန်းကဏ္ဍသည်အရေးကြီးကြောင်း၊ငွေချေးသက်သေခံလက်မှတ်ဖြစ်သည့် ရှယ်ယာများ ထုတ်ဝေရောင်းချသည့် အရည်အသွေးမီ အများပိုင်ကုမ္ပဏီများဖြစ်လာစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်စံနှုန်းများနှင့် အညီ စိစစ်ဆောင်ရွက်ရန်၊ တစ်ဖက်တွင် လည်းရင်းနှီးမြှုပ်နှံသူပြည်သူများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကော်မရှင်ရုံးရှိ အရာထမ်း၊အမှုထမ်းများနှင့် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး နိုင်ငံပိုင်ဘဏ်များက တင်ပြလာသော ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ဝန်ထမ်းရေးရာကိစ္စရပ်များ၊သက်သာချောင်ချိရေးကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍရှိစီးပွားရေးလုပ်ငန်းကြီးများအတွက် လိုအပ်သည့် အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကိုပေါင်းစပ်ညှိနှိုင်းပေးပြီး ဘဏ်ရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ပြင်ဦးလွင်တပ်နယ်မှတာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

# ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၄၃ ပါးနှင့် ဒေသခံပြည်သူ ၂၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးအကြောရောဂါ၊မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်း၊တီဗီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co., Ltd. မှတင်သွင်းလာသော လျှပ်စစ်သုံးယာဉ်အားသွင်းစက်(EV Charger, 60KW) ၁၀ ခုသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့်လျှပ်စစ်သုံးယာဉ်အားသွင်းစက်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **(သတင်းစဉ်)**




# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများ အသီးသီးကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၂၁**

၂၀၂၃ ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးရှိ အားကစားခန်းမများ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ပြိုင်ပွဲဝင်အသင်းများ၊ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကိုကြည့်ရှုအားပေးကြသည်။ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ကြရာ ဒိုင်အဖွဲ့ဝင်များ၊တစ်ဦးချင်းဆုရရှိကြသူများ၊အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိကြသည့်အသင်းတို့ကို ဒုတိယတိုင်းမှူးများနှင့်တာဝန်ရှိသူများက တံခွန်စိုက်ဆုဖလားများနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၂-၆-၂၀၂၃ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ဝ၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |





ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိစဉ်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင်ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ဆေးရုံကြီးဝင်းအနောက်ဘက်ခြမ်း၌ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ရေထွက်ပေါက် ပြန်လည်ပြုပြင်နေမှုနှင့် စေတီယျရပ်ကွက်ရှိ ငါးလုပ်ငန်းဦးစီးဌာန ရေငန်ပုစွန်သားဖောက်စခန်းဝန်ထမ်းနေအိမ်လိုင်းခန်းများ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် သပြေကုန်းရပ်ကွက်ရှိ မြို့လယ်ချောင်းမှ အမှိုက်များကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုများနှင့်အတူ ပူးပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ပြုလုပ်သော ၂၀၂၃-၂၀၂၄ ခုနှစ်မိုးစပါးမျိုးစေ့ထုတ်စံပြကွက်၊စမ်းသပ်ကွက်များဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများကို မျိုးစပါး၊ မျိုးစေ့ထုတ်လုပ်ငန်း ဧက ၁၂၀ အတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် (MPE)ယူရီးယားဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲကိုတက်ရောက်ပြီး ကျေးရွာအုပ်စုလေးအုပ်စုမှ တောင်သူများသို့ မျိုးစပါးတင်း ၁၂၀နှင့်ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူများကို (MPE)ယူရီးယားဓာတ်မြေဩဇာအိတ် ၁၀၀၀ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာကြသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုရှိခဲ့သည့် တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးပို့သည့် မျိုးစပါးနှင့် ဓာတ်မြေဩဇာအိတ်များ ပျက်စီးမှုမရှိဘဲ သိုလှောင်ထားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ကကျဘက်ကံပြင်ကျေးရွာအုပ်စု မြို့မစေတီတောင်ကျေးရွာရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်စခန်းသို့သွားရောက်၍ ဘူးသီးတောင်မြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ငါးသားပေါက်မွေးမြူမှု၊ ငါးသားပေါက် ဖြန့်ဖြူးထောက်ပံ့ပေးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၁**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊စေတနာရှင်အလှူရှင်များက လှူဒါန်းသည့်စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ငါးသေတ္တာ၊ ပဲနီလေး၊ နှစ်ပြန်ကြော်၊ ခေါက်ဆွဲခြောက်၊ ခရမ်းချဉ်သီးစသည့် အခြေခံစားသောက်ကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း ၂ ဒသမ ၇ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှလေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့်အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၆ ဒသမ ၉တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်း ၃၃၉၃ ဦးတို့ကိုပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့်လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇွန် ၂၁**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း

**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် မင်းပြားတပ်နယ်ရှိ နယ်မြေခံတပ်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆိုအကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



**ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင် များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဇွန် ၂၁**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အစိုးရရပ်ကွက်ရှိ ရေမြောင်းအတွင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မြို့မရပ်ကွက်ရှိ ရေမြောင်းအတွင်း၌ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ တန်းအေးကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဘာဆာရာကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ဇွန် ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၂၀၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၀၂၂ ဦး |

**နေပြည်တော် ဇွန် ၂၁**

ဇွန် ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၈၈၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်(၃၁/၂၀၂၃)**

၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်)

### ပြည်သူ့အလုပ်သမားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် တော်ဝင်အိမ်ရာ အခန်း(၂၅) တိုက် (၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အလုပ်သမားပါတီ**ကို ၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့အလုပ်သမားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၂၆) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်(၃၂/၂၀၂၃)**

၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်)

### မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ချမ်းသာရွှေပြည်အိမ်ရာ (၁၀)ရပ်ကွက် မြို့တော်(၂)လမ်း အမှတ်(စီ/၁၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ** (Myanmar Farmers' Development Party)ကို ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ** (Myanmar Farmers' Development Party)၏ မှတ်ပုံတင်အမှတ်မှာ (၂၇)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )

"Cooperatives: partners for accelerated sustainable development"

"အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့်အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို အထူးပြပွဲခင်းကျင်းပြသရန်အတွက် ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန် ခေတ္တပိတ်ထားမည်

(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ၂၇-၆-၂၀၂၃ ရက်မှ ၁၈-၇-၂၀၂၃ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)တို့ကို ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

**☆ ကျောဖုံးမှအဆက်**

အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနှစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"သည် ယခုအသက် ၁၁ လသားအရွယ်တွင် အရပ်အမြင့် သုံးပေရှစ်လက်မ၊ ကိုယ်လုံး လုံးပတ် ခြောက်ပေ ငါးလက်မ၊ ကိုယ်အလေးချိန် ၆၀၇ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့်ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့ကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |


**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**❑ ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများမှ**

စိုးရိမ်ကြောင့်ကြပူပန်ခြင်းမရှိဘဲ ယုံကြည်စွာဖြင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုကို နိုင်ငံပိုင်ဘဏ် နှစ်ဘဏ်တည်းမှသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်များ၏ဘဏ်ခွဲများမှလည်း ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က သတ်မှတ်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားသုံးငွေလွှဲပြောင်း၊ ပေးပို့လက်ခံသည့်ကိစ္စရပ်များ၊ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊အလုပ်သမား၊သင်္ဘောသားလုပ်ခ၊ လစာများလွှဲပို့ခြင်းကိစ္စရပ်များအတွက် အဆင်ပြေစေရေးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဘဏ်နှင့်ဆက်သွယ်သူပြည်သူများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ဖရေဆာချိုင့်ဝှမ်းဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းများရေလွှမ်းမိုးမှုကာကွယ်ရေးအတွက် အစိုးရက အမေရိကန်ဒေါ်လာသန်း ၂၀ ပံ့ပိုးကူညီသွားမည်



**အော့တဝါ ဇွန် ၂၁**

ကနေဒါနိုင်ငံတွင် ၂၀၂၁ ခုနှစ်နိုဝင်ဘာလက ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ဖူးသော ဖရေဆာချိုင့်ဝှမ်းဒေသရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ရေလွှမ်းမိုးမှုကာကွယ်ရေးအတွက် အစိုးရက အမေရိကန်ဒေါ်လာသန်း ၂၀ ပံ့ပိုးကူညီသွားမည်ဟု ဇွန် ၂၀ ရက်က ထုတ်ပြန်ခဲ့ကြောင်း Castanet သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါရန်ပုံငွေကို ဒေသအလိုက် ဂေဟစနစ်နှင့် ရေဝင်ရောက်ခဲ့သောဒေသများထိန်းသိမ်းကာကွယ်ရေးအတွက် ရပ်ရွာအဆင့် စီမံကိန်းများထိ အသုံးပြုသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

"ရေလွှမ်းမိုးခံခဲ့ရတဲ့ ဖရေဆာချိုင့်ဝှမ်းဒေသ လယ်ယာမြေတစ်ခုချင်းစီရဲ့ ရေတိုက်စားမှုဒဏ်ကာကွယ်နိုင်ဖို့၊ သဘာဝကြားခံတွေနဲ့ ရေနုတ်မြောင်းစနစ်တွေ ကောင်းမွန်ဖို့၊ တိရစ္ဆာန်အစာ သိုလှောင်တဲ့လုပ်ငန်းတွေ ပိုမိုကောင်းမွန်စေဖို့အတွက် ဒီပံ့ပိုးမှုက အကျိုးပြုနိုင်မှာပါ"ဟု စိုက်ပျိုးရေးဝန်ကြီး ပန်အဲလက်စ်စီက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသသည် ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းအများစုတည်ရှိရာဒေသဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုအခြေအနေများကြောင့် ရေလွှမ်းမိုးမှု ထပ်မံဖြစ်ပွားရန် အလားအလာများ ရှိနေကြောင်း၊ ဖရေဆာချိုင့်ဝှမ်းဒေသ ရေလွှမ်းမိုးမှုကာကွယ်ရေးအတွက် ရရှိသော အမေရိကန်ဒေါ်လာ သန်း ၂၀ သည် ယခုနှစ်အတွင်း ဗြိတိသျှကိုလံဘီယာအစိုးရက ကြေညာထားသော စားနပ်ရိက္ခာဖူလုံရေးအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မည့် စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။ AZH

# မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၃၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တောင်ပိုင်း မြို့နယ်များတွင် ယခုသီတင်းပတ်အစောပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရာလေ့ဂ်တီမြို့၏ အရှေ့မြောက်ဘက် လူနေရပ်ကွက်အတွင်း နေထိုင်သူဦးရေ ၃၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မြို့တော်အရာရှိများ၏ ပြောကြားချက်များကို ကိုးကား၍ FOX Weather သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရာလေ့ဂ်တီမြို့ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး မြို့အနီးရှိ ကန်နာပိုလစ်ရေလှောင်တမံမှ ရေများလျှံ၍ မြစ်အတွင်းစီးဆင်းနေရာ မြစ်အောက်ပိုင်းဒေသများတွင် နောက်ရက်များအတွင်း အန္တရာယ်ရှိသောအခြေအနေများ ဖြစ်ပေါ်နိုင်ကြောင်း၊ ယခုအချိန်ထိ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိသေးသော်လည်း ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၃၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မြို့တော်အရာရှိများက ပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းမှစ၍ မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လျက်ရှိရာ အဆိုပါလေဖိအားနည်းရပ်ဝန်းကြောင့် ၎င်းနှင့်ထိစပ်နေသော ကမ်းရိုးတန်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ မြောက်ကာရိုလိုင်းနားပြည်နယ်တွင်လည်း မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် မိုးကြိုးမုန်တိုင်းများဖြစ်ပေါ်လာနိုင်ကြောင်း၊ ယခုအချိန်ထိ ပြည်နယ်အနှံ့အပြားတွင် မိုးရေချိန် ၃ လက်မမှ ၅ လက်မကြား ရွာသွန်းလျက်ရှိပြီး မိုးရေချိန် ၈ လက်မထိ ရွာသွန်းနိုင်ကြောင်း အမျိုးသား မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

AZH

# ၂၁၀၀ ပြည့်နှစ်အရောက်တွင် ဟိမဝန္တာရှိရေခဲပြင်များ ၇၅ ရာခိုင်နှုန်းထိ အရည်ပျော်သွားနိုင်

**ခတ္တမန္ဒူ ဇွန် ၂၁**

ရာသီဥတုပြောင်းလဲမှုနှုန်း မြန်ဆန်နေခြင်းကြောင့် ဟိမဝန္တာတောင်တန်းရှိ ရေခဲပြင်များနှင့်ပတ်သက်ပြီး နီပေါနိုင်ငံ ခတ္တမန္ဒူအခြေစိုက် အပြည်ပြည်ဆိုင်ရာတောင်တန်းများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(ICIMOD)က သုတေသနပြုလုပ်လျက်ရှိရာ ၂၁၀၀ ပြည့်နှစ်အရောက်တွင် ဟိမဝန္တာတောင်တန်းရှိ ရေခဲပြင်များ ၇၅ ရာခိုင်နှုန်းထိ အရည်ပျော်ကျသွားနိုင်ကြောင်း ICIMOD မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဟိမဝန္တာတောင်တန်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူလူဦးရေသန်း ၂၄၀ ခန့်ထိရှိနေပြီး ရေခဲပြင်အရည်ပျော်ကျမှု ဖြစ်ပွားခဲ့ပါက ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သလို သန့်ရှင်းသည့်သောက်သုံးရေ လုံလုံလောက်လောက် ရရှိနိုင်ဖွယ်မရှိတော့သည့်အခြေအနေဖြင့်လည်း ရင်ဆိုင်ရနိုင်ကြောင်း ICIMOD က သတိပေးခဲ့သည်။

"ဟိမဝန္တာတောင်တန်းက ရေခဲပြင်တွေနဲ့ပတ်သက်ပြီး သုတေသနပြုလုပ်ရာမှာ နှစ်ပေါင်း ၁၀၀ အတွင်း ရေခဲပြင် ၇၅ ရာခိုင်နှုန်းလောက်ထိ အရည်ပျော်ကျလာနိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။ ရေခဲပြင်အရည်ပျော်ကျရင် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု ဟိမဝန္တာတောင်တန်းနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေသော သုတေသီများကို ဦးဆောင်နေသည့် ဖိလစ်ပက်စ်ဝက်စတာက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ် မဖြစ်ပွားလာစေရေးအတွက် ရေခဲပြင်အရည်ပျော်ကျမှုကို ကာကွယ်ရန်လိုအပ်ပြီး ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေခြင်းကိုလျှော့ချနိုင်ရန်မှာ အရေးကြီးဆုံးဖြစ်ကြောင်း၊ ဟိမဝန္တာတောင်တန်းနှင့် ကီလိုမီတာ ၃၅၀၀ အတွင်း တည်ရှိသည့်နိုင်ငံများမှာ အာဖဂန်နစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ပြီး ၎င်းနိုင်ငံများသည် ဟိမဝန္တာတောင်တန်း အရည်ပျော်ကျပါက နောက်ဆက်တွဲ ပြဿနာများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ICIMOD မှ သုတေသီများက သတိပေးခဲ့သည်။ **ရှိုင်းဆက်**



# ဥရောပသမဂ္ဂအဖွဲ့အစည်း၏ စွမ်းအင်ကဏ္ဍ ပြန်လည်တည်ဆောက်ရေးဆွေးနွေးမှု မအောင်မြင်

**လန်ဒန် ဇွန် ၂၁**

ဥရောပသမဂ္ဂ အဖွဲ့အစည်းသည် အဖွဲ့ဝင်နိုင်ငံများနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဖြင့် ကိုက်ညီသည့် စွမ်းအင်ကဏ္ဍပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဇွန် ၁၉ ရက်က လူဇင်ဘတ်နိုင်ငံတွင် ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း ဆွေးနွေးမှုမအောင်မြင်ခဲ့ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စွမ်းအင်ကဏ္ဍ ပြန်လည်တည်ဆောက်ရေးအတွက် ဥပဒေစည်းမျဉ်းအသစ်များ ရေးဆွဲပြဋ္ဌာန်းရန်အတွက် ဆွေးနွေးခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများကြား ကျောက်မီးသွေးလောင်စာပံ့ပိုးမှုများပြုလုပ်ရန် သဘောတူညီချက် ရရှိထားသည့်အတွက် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ရည်မှန်းချက်မှာ အထမမြောက်တော့ဘဲ ဆွေးနွေးမှုမှာလည်းရလဒ်ထွက်ပေါ်ခဲ့ခြင်းမရှိသည့် အခြေအနေဖြင့် အဆုံးသတ်သွားခဲ့ရကြောင်း သိရသည်။

ဥရောပနိုင်ငံများတွင် ၂၀၂၂ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့သည့်အတွက် စွမ်းအင်ကဏ္ဍအခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ဆွေးနွေးပွဲတွင် ဆွီဒင်နိုင်ငံက ဦးဆောင်၍ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြန်၍လည်ပတ်ရန် ဆွေးနွေးခဲ့ပြီး နိုင်ငံများကြား ကျောက်မီးသွေးလောင်စာပံ့ပိုးမှု ပြုလုပ်သွားရန် သဘောတူညီချက် ရရှိခဲ့ကြောင်း သိရသည်။

စွမ်းအင်ကဏ္ဍပြန်လည်တည်ဆောက်ရေးအစီအစဉ် ဆွေးနွေးမှု မအောင်မြင်ခဲ့သော်လည်း ဥရောပသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိသူများက အဖွဲ့ဝင်နိုင်ငံများကိုစည်းရုံးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စွမ်းအင်ကဏ္ဍပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုလိုလားလား ပါဝင်လာနိုင်ရေးအတွက်လည်း တိုက်တွန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပိုလန်နိုင်ငံကလည်း ကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံများကို ဆက်လက် လည်ပတ်သွားမည်ဖြစ်ပြီး ၎င်းတို့၏ရည်ရွယ်ချက်မှာ ယူကရိန်းနိုင်ငံအတွက် လျှပ်စစ်ဓာတ်အား ပံ့ပိုးပေးနိုင်ရေးဖြစ်ကြောင်း ပိုလန်နိုင်ငံက ထုတ်ပြန်ခဲ့သည်။

**ရှိုင်းဆက်**

# ဘာဘာဒိုစ်နိုင်ငံသို့ဝင်ရောက်နေသည့် ဘရက်အပူပိုင်းမုန်တိုင်း ပိုမိုအားကောင်းလာ

**ဘရစ်ဂျ်တောင်း ဇွန် ၂၁**

ကာရစ်ဘီယံဒေသတစ်ခုဖြစ်သော ဘာဘာဒို့စ်ကျွန်းနိုင်ငံတွင် ဘရက်ဟု အမည်ပေးထားသည့် အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေပြီး ဇွန် ၂၀ ရက်မှစ၍ မုန်တိုင်းမှာ ပိုမိုအားကောင်းလာကြောင်း အမေရိကန်ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဘရက်အပူပိုင်းမုန်တိုင်းသည် တစ်နာရီ ၄၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှ ဦးတည်တိုက်ခတ်လာခြင်းဖြစ်ကြောင်း၊ ဘရက်အပူပိုင်းမုန်တိုင်းသည် အားကောင်းလာသော်လည်း ဟာရီကိန်းအသွင်ကူးပြောင်းဖွယ်မရှိသေးကြောင်း၊ ၎င်းမုန်တိုင်းသည် ဇွန် ၂၃ ရက်တွင် အခြားသော ကာရစ်ဘီယံကျွန်းနိုင်ငံများသို့လည်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန် ဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ဘရက်အပူပိုင်းမုန်တိုင်းဟာ ဘာဘာဒို့စ်ကျွန်းနိုင်ငံကို ဝင်ရောက်နေပြီးတော့ ဒီနေ့မှာ မုန်တိုင်းက အားကောင်းလာတယ်။ တစ်နာရီ ၄၅ မိုင်နှုန်းနဲ့ တိုက်ခတ်နေတာဖြစ်ပြီး မုန်တိုင်းအားကောင်းပေမဲ့ ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းလာဖွယ်မရှိပါဘူး။ ဇွန် ၂၃ ရက်လောက်ကနေ စတင်ပြီးတော့ ဘရက်အပူပိုင်းမုန်တိုင်းဟာ အခြားကာရစ်ဘီယံကျွန်းနိုင်ငံတွေကို ဝင်ရောက်လာဖို့ရှိပါတယ်။ မုန်တိုင်း အားကောင်းတဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေတော့ မြင့်မားလာနိုင်တယ်။ မုန်တိုင်းနောက်ဆက်တွဲအနေနဲ့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ကျွန်းနိုင်ငံတွေဖြစ်တဲ့အတွက် မိုးအနည်းငယ်ရွာသွန်းတာနဲ့ ရေကြီးရေလျှံမှုက အချိန်တိုအတွင်းဖြစ်ပေါ်လာနိုင်ပါတယ်။ ကာရစ်ဘီယံဒေသတွေအနေနဲ့ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ ဆောင်ရွက်ထားသင့်ပါတယ်"ဟု အမေရိကန် ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ရှိုင်းဆက်**

# လူသားတို့နှင့် ပတ်ဝန်းကျင်အပေါ် ပလတ်စတစ်အရုပ်များ၏ သက်ရောက်မှု

**မေဇင်ထွန်း**

၂၀ရာစုနှစ်များအတွင်း ပလတ်စတစ်နှင့်ပြုလုပ်ထားသောအရုပ်များ များစွာထွက်ပေါ်လာခဲ့သည်။ ၎င်းပလတ်စတစ်ရုပ်များတွင်ပါသော အဆိပ်အတောက်များနှင့်ပတ်သက်ပြီး ကလေးငယ်များတွင် ပြဿနာများစွာဖြစ်ပေါ်ခဲ့သည်။ ပလတ်စတစ်အရုပ်များ ဝယ်ယူအသုံးပြုရာတွင် ပလတ်စတစ်ထဲ၌ တွေ့ရှိရသည့် အန္တရာယ်ရှိသောပါဝင်ပစ္စည်းများအပြင် ပလတ်စတစ်အသုံးပြုမှု၏ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

လူသားတို့သည် သဘာဝဘေးများ၊ ပလတ်စတစ်၏ဘေးထွက်ဆိုးကျိုးများကို ခံစားရပြီးနောက် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချရန်အလွန်လိုအပ်လျက်ရှိကြောင်း ပိုမိုသိရှိနားလည်လာကြသည်။ သို့သော်လည်း စွဲမြဲလာခဲ့သော အမူအကျင့်များကို ချက်ချင်းပြောင်းလဲရန်မှာ ခက်ခဲလှပေသည်။ ဥပမာ မိဘများသည် အိမ်တွင် ပလတ်စတစ်အရုပ်များစွာကို ၎င်းတို့၏ ကလေးငယ်များ စိတ်ကျေနပ်ပျော်ရွှင်စေရန် ရည်ရွယ်ချက်ဖြင့် အလွယ်တကူပင် ဝယ်ယူအသုံးပြုလျက်ရှိသည်။ ထို့ပြင် မွေးနေ့များ၊ အမှတ်တရ နေ့ရက်များတွင်လည်း သူငယ်ချင်းများနှင့် မိသားစုက ပလတ်စတစ်ကိုအသုံးပြုထားသော အရုပ်များပေးခြင်းဖြင့် လွယ်လင့်တကူပင် ပလတ်စတစ်အသုံးပြုမှုဖြစ်ပေါ်စေသည်ကို မေ့လျော့နေတတ်ကြသည်။ ကလေးများသည် အရောင်အသွေးစုံလင်လှပြီး ပုံသဏ္ဌာန်မျိုးစုံရှိသော စွဲမက်ချစ်ခင်စဖွယ်အရုပ်များကို မြင်လျှင် မရလျှင်မနေနိုင်ဖြစ်ကာ မိဘများကို ပူဆာလေ့ရှိကြသည်။ သားသမီး၏ပူဆာမှုကို ဖြည့်ဆည်းပေးရန် မိဘများသည် ထိုအရုပ်များကို အလွယ်ပင် ဝယ်ယူမှုများဖြစ်လာသည်။

ထိုပလတ်စတစ်ရုပ်များ၏ အန္တရာယ်က ကလေးများအပေါ် မည်သို့သက်ရောက်မှုများရှိနိုင်သည်ကို မိဘများအနေဖြင့် သတိပြုဆင်ခြင်နိုင်စေရန် ရည်ရွယ်၍ ပလတ်စတစ်အရုပ်များ၏ ဘေးထွက်ဆိုးကျိုးများကို ဖော်ပြသွားပါမည်။ အမေရိကန်နိုင်ငံတွင် ပလတ်စတစ်အရုပ်များမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀ ဝင်လျက်ရှိသည်။ ထိုသို့နိုင်ငံ၏ဝင်ငွေကိုတိုးတက်စေသော ပလတ်စတစ်အရုပ်များတွင် အဆိပ်အတောက်များ အမှန်တကယ်ရှိသည်။ အရုပ်အားလုံးတွင် အဆိပ်အတောက်များပါသည်ဟု မဆိုနိုင်သော်လည်း များစွာသောအရုပ်များတွင် အဆိပ်အတောက်များပါဝင်ပါသည်။

ထိုသို့ အဆိပ်အတောက်များပါသည့် အရုပ်ငယ်များကို ငယ်ရွယ်သေးသည့် ကလေးများက မျိုချတတ်ကြသည်။ အဓိကမှာ သွားများဖြင့်ကိုက်မိပြီး မျိုချလိုက်ခြင်းဖြစ်သည်။ ထိုသို့မျိုချမိရာမှ အဆိပ်အတောက်များသည် ခန္ဓာကိုယ်အတွင်းကို ရောက်သွားကာ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ အဆိပ်အတောက်များသည် ပလတ်စတစ်တွင်လည်းကောင်း၊ ကလေးငယ်များကို ဆွဲဆောင်မှုရှိအောင် အရောင်ခြယ်အသုံးပြုသည့် ဆိုးဆေးများတွင်လည်းကောင်း ပါဝင်နိုင်သည်။

ကလေးငယ်များကစားသည့် ကစားစရာများတွင် အဆိပ်များမပါဝင်စေရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက စည်းမျဉ်းများ ချမှတ်ထားသော်လည်း အချို့သောထုတ်ကုန် များသည် လိုက်နာမှုမရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အရုပ်များ၏အရည်အသွေး၊ အဆိပ်ကင်းစင်မှုနှင့်ပတ်သက်ပြီး တင်းကျပ်သော စံနှုန်းသတ်မှတ်ချက်များကို ထပ်မံချမှတ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ပလတ်စတစ်အရုပ်များတွင် အဆိပ်အတောက်များမပါဝင်သည်မှာ သေချာစေရန် အောက်ဖော်ပြပါအချက်များကို သတိပြုသင့်ပါသည်။

ကလေးငယ်များအတွက် ထည့်သွင်းစဉ်းစားကာ ထုတ်လုပ်သော အဆိပ်အတောက်ကင်းသည့် ယုံကြည်စိတ်ချရသောဆိုင်များမှသာ အရုပ်များဝယ်



ပါ (အွန်လိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာစတိုးဆိုင်များတွင်)။ မဝယ်ယူမီထုပ်ပိုးထားသော ဘူးများပေါ်တွင်ပါသော သတိပေးချက်များနှင့် ညွှန်ကြားချက်များကို သေချာစွာဖတ်ပါ။

အရုပ်လုပ်ငန်းမှသည် ဝင်ငွေအမေရိကန်ဒေါ်လာ တစ်သန်းရရှိရန် ၎င်းအတွက် ပလတ်စတစ်တန်ချိန် ၄၀ ကိုအသုံးပြုရပြီး ကမ္ဘာပေါ်တွင် ပလတ်စတစ်အများဆုံးသုံးသည့် လုပ်ငန်းဖြစ်သည်။ ဈေးကွက်ရှိ အရုပ်များ၏ ၉၀ ရာခိုင်နှုန်းကို ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည်။ ပလတ်စတစ်အရုပ်များတွင် ခဲ သို့မဟုတ် ကက်ဒီယမ် သို့မဟုတ် ဒိုင်အောက်စင် ကဲ့သို့သော အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် လေးလံသောသတ္တုများပါဝင်သည်။ ထိုကဲ့သို့ အဆိပ်အတောက်ရှိစေသော ပစ္စည်းများကို အသုံးပြုထားခြင်းသည် ကလေးများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏လေ့လာမှုအစီရင်ခံစာအရ PVC ပလတ်စတစ်အရုပ်များသည် ကလေးများအတွက် များစွာသော အန္တရာယ်ရှိသည်ကိုတွေ့ရှိခဲ့သဖြင့် အဆိပ်အတောက်ကင်းစင်သော ဂေဟစနစ်နှင့်ကိုက်ညီသော ကစားစရာများကို ဝယ်ယူအသုံးပြုရမည်ဖြစ်သည်။

ကလေးငယ်များကစားပြီး ဟောင်းနွမ်းစုတ်ပြတ်သွားသော ပလတ်စတစ်များကို စွန့်ပစ်သည့်အခါ သမုဒ္ဒရာများအပါအဝင် ကမ္ဘာမြေ၏ ဂေဟစနစ်ကိုများစွာညစ်ညမ်းစေသည်။ ထို့ပြင် အချို့သော ကလေးနို့ဘူးများနှင့် နို့သီးခေါင်းများသည် Phthalates နှင့် Bisphenol-A များကဲ့သို့ အဆိပ်အတောက်များပါဝင်သည့်အတွက် လူသားတို့၏ဟော်မုန်းစနစ်ကို အနှောင့်အယှက်ဖြစ်စေသည်။ ပျော့ပျောင်းသော ပလတ်စတစ်အရုပ်များတွင် ဟော်မုန်းစနစ်ကို နှောင့်ယှက်သော Phthalates များပါဝင်ပြီး အလေးချိန်အလိုက် ရာခိုင်နှုန်းအနည်းငယ်မှသည် ၄၀ ရာခိုင်နှုန်းကျော်ထိပါဝင်နိုင်သည်။ Phthalates သည် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများစွာနှင့် ဆက်စပ်နေပြီး မျိုးအောင်နိုင်မှုကို လျော့ကျစေပြီး ကိုယ်ဝန်ပျက်ကျခြင်း၊ မွေးရာပါကိုယ်ခန္ဓာချို့ယွင်းခြင်း စသည်တို့အပြင် အသည်းနှင့် ကျောက်ကပ်ကင်ဆာတို့ကိုလည်း ဖြစ်စေနိုင်သည်။ ထို့အတွက် Phthalates နှင့် Bisphenol-A ကင်းစင်ကြောင်းကို အဆိုပါပစ္စည်းများ၏ ဘူးများတွင် BPA Free ဟု ရေးသားထားသည်ကို တွေ့မြင်ဖူးကြမည်ဖြစ်သည်။

မတူညီသောကလေးကစားစရာအရုပ်ပေါင်း ၂၄၈ ခုကို စမ်းသပ်မှုများပြုလုပ်ခဲ့ရာ Phthalates ကဲ့သို့သော အန္တရာယ်ရှိသော ဓာတုပစ္စည်းများပါဝင်မှုရှိသည်ကို တွေ့ရှိရပြီး အချို့သောအရုပ်များတွင် ၉၂ ရာခိုင်နှုန်းထိ ပါဝင်သည်ကိုတွေ့ရှိရသဖြင့် ပြင်းထန်သောအန္တရာယ်အဖြစ် အမျိုးအစားခွဲခြားထားနိုင်သည်။ ထို့ကြောင့် အရုပ်ကုမ္ပဏီ LEGO သည် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသောအရုပ်များနေရာတွင် ကြံပင်မှပြုလုပ်ထားသောအရုပ်များနှင့် အစားထိုးနိုင်ရန် ကြိုးစားလျက်ရှိသည်။ အဆိုပါကုမ္ပဏီသည် ပလတ်စတစ်များကို ၂၀၃၀ ပြည့်နှစ်တွင် လုံးဝစွန့်ပစ်ရန် ကတိပြုထားသည်။

ပလတ်စတစ်ပစ္စည်းများကဲ့သို့ပင် ကလေးကစားစရာအရုပ်များထုတ်လုပ်မှုသည် ရုပ်ကြွင်းလောင်စာများဖြင့် ပြုလုပ်ထားသောကြောင့် ၎င်းပစ္စည်းများထုတ်လုပ်ခြင်းသည် ပတ်ဝန်းကျင်အကျပ်အတည်းကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ပလတ်စတစ်ရုပ်အသစ်များဝယ်ယူခြင်းကို လျှော့ချရန် ကြိုးစားကြရမည်ဖြစ်သည်။

ပလတ်စတစ်အရုပ်များသည် အမှိုက်ပုံများနှင့် သမုဒ္ဒရာများတွင် အဆုံးသတ်ကာ ရေထု၊ မြေထု ညစ်ညမ်းမှုများကိုဖြစ်စေသောကြောင့် ကလေးကစားစရာအရုပ်များတွင် ပလတ်စတစ်များအသုံးပြုမှုကို လျှော့ချရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက အသိပညာပေးခဲ့သော်လည်း ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ British Heart Foundation (BHF) သည် ဗြိတိန်နိုင်ငံရှိ သုတေသနပရဟိတအဖွဲ့တစ်ခုဖြစ်ပြီး ၎င်းမှကောက်ယူထားသော စစ်တမ်းတစ်ခုအရ မိဘသုံးဦးတွင် တစ်ဦးသည် လုပ်ငန်းခွင်တွင် အလုပ်ရှုပ်နေသည့်အတွက် ပလတ်စတစ်အရုပ်များကို ကလေးများကစားရန်ဝယ်ပေးလေ့ရှိပြီး အလွယ်ပင်အရုပ်များကို စွန့်ပစ်ခဲ့ကြောင်း ဝန်ခံခဲ့ကြသည်။

ပလတ်စတစ်အရုပ်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ၎င်းတို့သည် တစ်ခါသုံးပလတ်စတစ်များထက် ပိုမိုထုထည်ကျစ်လျစ်ကြီးမားကြသဖြင့် ပျက်စီးရန်မှာ သက်တမ်းပို၍ကြာရှည်နိုင်သည်။ ၎င်းတို့သည် တစ်ချိန်ချိန်တွင် အမှိုက်ပုံထဲသို့ ရောက်ရှိလာမည်ဖြစ်သည့်အပြင် ပြန်လည်အသုံးပြု၍ မရသောအမှိုက်အဖြစ် ပင်လယ်ထဲတွင် အဆုံးသတ်သွားမည်ဖြစ်ပေသည်။ ထိုပြဿနာကို လျှော့ချရပ်တန့်ရန်အတွက် ရေရှည်တည်တံ့ပြီး ပလတ်စတစ်မဟုတ်သော ကစားစရာများ၊ အရုပ်အသစ်များကိုဝယ်ယူလိုပါက ပိုမိုရေရှည်တည်တံ့သောပစ္စည်းများဖြင့် ပြုလုပ်ထားသည့်အရုပ်များကို ရွေးချယ်ဝယ်ယူသင့်သည်။ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့်အရုပ်များကို အဓိကထားရောင်းချသင့်ပြီး ဝက်ဘ်ဆိုက်များမှ ဝယ်ယူမည်ဆိုပါကလည်း e-commerce ဆိုက်များတွင် အဆိပ်မရှိသောနှင့် eco-တံဆိပ်တပ်ထားသောကစားစရာများကိုသာ ဝယ်ယူသင့်သည်။

ထို့ပြင် ပလတ်စတစ်အရုပ်များ ဝယ်လိုပါက တစ်ပတ်ရစ်အရုပ်များကို ဝယ်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ တစ်ပတ်ရစ်အရုပ်များကို ရှာဖွေဝယ်ယူရန်အတွက် Ebay ဒါမှမဟုတ် အခြားအွန်လိုင်းဈေးကွက်တစ်ခုခုကို အသုံးပြုနိုင်သည်။ သို့သော်လည်း စိတ်ချရမှုနှင့် အဆိပ်အတောက်လုံခြုံရေးစံနှုန်းများကို သတိပြုရန်လိုပါသည်။ ထို့ကြောင့် ၎င်းအရုပ်များကို ယနေ့ခေတ်စံနှုန်းများအတိုင်းဖြစ်ကြောင်း ထပ်ခါထပ်ခါစစ်ဆေးခြင်း၊ မိမိကလေးများအရွယ်ရောက်ပြီး မကစားတော့သည့်အရုပ်များ၊ အသုံးပြုပြီးသားအရုပ်များကိုလှူဒါန်းခြင်း၊ ဖြစ်နိုင်ပါက မှန်ကန်စွာပြန်လည်အသုံးပြုရမည်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အရုပ်များ အလွယ်တကူစွန့်ပစ်ခြင်းကို လျှော့ချနိုင်သည့်အပြင် အသစ်ဝယ်ယူခြင်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပေသည်။ ထို့ပြင် ကျိုးပဲ့ပျက်စီးသွားသောအရုပ်များကို မစွန့်ပစ်မီ တတ်နိုင်သမျှ ပြန်လည်အသုံးပြုရန် အကောင်းဆုံးကြိုးစားခြင်းဖြင့် ပလတ်စတစ်အရုပ်များ အသုံးပြုမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Plastic toys effects on humans and environment**

# ဘားအံမြို့နယ် ပိုင်ရမ်းကျေးရွာ၌ စက်ရေတွင်းများ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေး

**ဘားအံ ဇွန် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုင်ရမ်းကျေးရွာ၌ စက်ရေတွင်းများ ကြံ့ခိုင်မှု ရှိ၊ မရှိ အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများသည် ပိုင်ရမ်းကျေးရွာ၌ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ၊ မရှိနှင့် လက်ရှိသောက်သုံးရေသုံးစွဲနေမှု အခြေအနေများကို ကျေးရွာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် မှာကြားခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ဌာန၏ခွင့်ပြုရန်ပုံငွေများဖြင့်လည်းကောင်း၊ အလှူရှင် လှူဒါန်းမှုများဖြင့်လည်းကောင်း သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော နည်းစနစ်များစနစ်တကျရွေးချယ်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နွေကာလတွင် အခါအားလျော်စွာ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဌာနပိုင်ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် သောက်သုံးရေလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ယမ်လေး**

# ယခုဘဏ္ဍာနှစ် မေလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ သန်းတန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့်တန်ချိန် ၅၅၂၀ ကျော်တင်သွင်းခဲ့



**နေပြည်တော် ဇွန် ၂၁**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ သန်းတန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့်တန်ချိန် ၅၅၂၀ ကျော် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပြည်တွင်းလိုအပ်ချက်အရ နို့ဆီနှင့် နို့မှုန့်များကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက လစဉ်တင်သွင်းနေသော်လည်း ပြီးခဲ့သည့် မေလအတွင်းက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက တင်သွင်းခဲ့ခြင်းမရှိဘဲ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများကသာ တင်သွင်းခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းများက အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ သန်းတန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့်တန်ချိန် ၅၅၂၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

ထိုသို့တင်သွင်းခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၇ သန်းတန်ဖိုးရှိ နို့ဆီတန်ချိန် ၁၉၂၀ နှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၃ သန်းတန်ဖိုးရှိ နို့မှုန့်တန်ချိန် ၃၆၀၀ ကျော် စုစုပေါင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ သန်းတန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့်တန်ချိန် ၅၅၂၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နို့ဆီများကို စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ရာ စင်ကာပူနိုင်ငံမှ နို့ဆီတန်ချိန် ၁၁၀၀၊ မလေးရှားနိုင်ငံမှ နို့ဆီတန်ချိန် ၈၀၀ နှင့် ထိုင်းနိုင်ငံမှ နို့ဆီတန်ချိန် ၂၀ တင်သွင်းခဲ့ပြီး နို့မှုန့်များကို နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ နို့နှင့် နို့ထွက်ပစ္စည်းများကိုထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုများ ရှိနေသော်လည်း ပြည်တွင်းလိုအပ်ချက်အရ လစဉ် ပြည်ပမှ နို့နှင့် နို့ထွက်ပစ္စည်းများကို မှာယူတင်သွင်းနေရဆဲဖြစ်ကြောင်း သိရသည်။

SKL

## ရနံ့မွှေးကြူ စံပယ်ဖြူ

\- တို့အိမ်ရှေ့က စံပယ်ရုံ
ရနံ့သင်းပျံ့ထုံ၊
အဖူးအငုံ အပွင့်စုံလှ
ကြည့်ရှုလို့မဝ။

\- မမလေးက ခူးကာယူ
ဘုရားမှာကပ်လှူ၊
စိတ်ထားဖြူဖြူ ပန်းနှယ်မွှေး
တောင်းဆုပြုခဲ့သေး။

\- စံပယ်ပန်းလေး ဂုဏ်မငယ်
ရှင်းသန့်ဖြူစင်တယ်၊
မြင်သူရင်ဝယ် စိတ်ချမ်းမြေ့
အမြဲသင်းကြူပေ့။

\- တောခလေ့နှင့် လိုက်ဖက်နေ
ပန်သင့်လှပေ၊
လုံမပျိုတွေ ပန်ဆင်မြန်း
ကြည်နူးပြုံးရွှင်လန်း။
တောမှာပွင့်တဲ့ပန်း။ ။

**သီရိဟန်နိုင်(ပုလဲ)**

# ကျွန်းစုမြို့နယ် မစမ်းပါးကျေးရွာ၌ ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ကျွန်းစု ဇွန် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက မစမ်းပါးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နှင်းသက်သက်ဝေက ကျေးလက်ဒေသများတွင် ဌာနကဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားပြီး မြိတ်ခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာများက ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ယခုနှစ် ဇွန် ၂၀ ရက်မှ ဇူလိုင် ၄ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နှင်းသက်သက်ဝေက ပြောပြ၍ သိရသည်။

**မြင့်ဦး(မြိတ်)**

# နတ်မောက်မြို့နယ် န/ဖုန်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက န/ငွေးချိုကျေးရွာအုပ်စု န/ဖုန်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက န/ဖုန်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ပြည်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

နတ်မောက်မြို့နယ် န/ဖုန်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၅၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွန်းထံမှ သိရသည်။ **သူသူ(နတ်မောက်)**



# ပန်းတနော်မြို့နယ် စံကျောင်းကျေးရွာ၌ Smart Village စီမံကိန်းမိတ်ဆက်ခြင်းပြုလုပ်

**ပန်းတနော် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစုငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေးမြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နေချင်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကဇင်ငူကျေးရွာအုပ်စု စံကျောင်းကျေးရွာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

စံကျောင်းကျေးရွာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့် အစိတ်လုပ်ငန်းစဉ်ခြောက်ရပ်ဖြင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငြိမ်းသူ(ဇလင်း)**

# စစ်ကိုင်းဦးဘိုးသင်း၏ ဖာတစ်လုံးခေါင်းကျား

**ပုသိမ်အောင်သန်းဦး**

သက်သာပြည့်ရှင်မင်း၏သားကြီး မျိုးညွန့်ရှိန်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာသင်ကြားရာ၌ ထူးချွန်သူတစ်ဦးဖြစ်သည်။ သူ့မိတ်ဆွေမှာ ပရိမ္မမင်းသားဖြစ်သည်။ တက္ကသိုလ်ပြည်တွင် ပညာသင်ကြားရင်း ပေါက္ကံပြည့်ရှင်မင်းသမီး မြဝတ်ရည်နှင့် ချစ်ရည်မျှခဲ့ကြသည်။ ပေါက္ကံမင်းသမီး မြဝတ်ရည်နှင့် မျိုးညွန့်ရှိန်တို့ ချစ်သူတွေဖြစ်နေကြသည်ကို စေတုတ္တရာမင်းသား မင်းဘီလူးသည် မနာလိုဝန်တိုဖြစ်နေလေသည်။

ပညာစုံ၍ တိုင်းပြည်သို့ ပြန်အံ့သောအခါ ဆရာကြီးက မျိုးညွန့်ရှိန်ကို ဤသို့မှာကြားသည်။ တက္ကသိုလ်မှ သင်ကြားပေးလိုက်သောပညာသည် စင်စစ်မပြည့်စုံသေး၊ လောကအကျိုးကို ဆောင်ရွက်လိုသော ပညာရှိစစ်စစ်ဖြစ်လိုသူသည် လောကတောသို့ဝင်၍ လေ့လာရမည်။ တက္ကသိုလ်ပညာသည် လောကတွင်းကို ဝင်၍ လေ့လာနိုင်ရန် အခြေခံမျှသာဖြစ်သည်။ မျိုးညွန့်ရှိန် သဘောပေါက်ခဲ့သည်။ မိမိအနေဖြင့် လောကတွင်းဝင်၍ လေ့လာရန်ဆုံးဖြတ်ခဲ့၏။

တိုင်းပြည်သို့ ပြန်လာရာလမ်းတွင် မထင်မရှား လုလင်တစ်ဦးနှင့်ဆုံ၏။ ဤအခါ မျိုးညွန့်ရှိန်သည် တက္ကသိုလ်ပြန်မင်းသားမာနဖြင့် လုလင်ကို နှိမ့်ချဆက်ဆံသည်။ လုလင်က ဤသို့ဂုဏ်မာနဖြင့်မမောက်မာသင့်ကြောင်း ဆုံးမ၏။ မျိုးညွန့်ရှိန်က အသင် ဘယ်ကျောင်းမှာ ပညာသင်ခဲ့သနည်းဟုမေး၏။ လုလင်က လောကကြီးကိုသာ တက္ကသိုလ်ပြုလုပ်ပြီး ပညာသင်ယူခဲ့ကြောင်း ပြော၏။ လုလင်၏ နှလုံးရည်ကို သိရပြီးနောက် လုလင်၏ လက်ရုံးရည်ကို သိရှိနိုင်ရန် နှစ်ဦးယှဉ်ပြိုင်တိုက်ခိုက်ပြန်၏။ လုလင်သည် မျိုးညွန့်ရှိန်၏ လေးမြားလက်နက်မျိုးစုံဖြင့် တိုက်ခိုက်ခြင်းကို တုတ်ချောင်းတစ်ချောင်းဖြင့် ခုခံတိုက်ခိုက်၏။

မျိုးညွန့်ရှိန်သည် လုလင်၏ နှလုံးရည်၊ လက်ရုံးရည်ကို သိရှိရပြီးနောက် မိတ်ဖွဲ့လေသည်။ လုလင်က သူတောင်းစားနှင့် မင်းသမီးတို့အကြောင်းပါပြီး မွေးဖွားလာသည့်မင်းသားဖြစ်ကြောင်း အမည်မှာ သတိုးနွယ်ဖြစ်ကြောင်းပြော၏။ မျိုးညွန့်ရှိန်နှင့် သတိုးနွယ်တို့ မိတ်ဆွေဖြစ်ကာ ပြန်လာကြစဉ် ညီဖြစ်သူ မျိုးထွတ်တင်သည် မျိုးညွန့်ရှိန်အား လာကြိုရင်း ဖခမည်းတော်နတ်ရွာစံကြောင်း လျှောက်ထားကာ ပွဲတော်အုပ်ဖြင့်ကြို၏။ မျိုးညွန့်ရှိန်က ပွဲတော်အုပ်ကို သုံးဆောင်ရန် ပြင်ဆင်စဉ် သတိုးနွယ်က ပွဲတော်အုပ်ကို မသုံးဆောင်ရန် တား၏။ ထို့နောက် ပွဲတော်အုပ်တွင် အဆိပ်ခတ်ထားကြောင်း သိရပြီး ညီတော်အား သတ်ရန်အမိန့်ပေးစဉ် သတိုးနွယ်က မသတ်စေဘဲ ပြည်နှင်ဒဏ်သာ ပေးရန်ပြော၏။ ညီတော်အား ပြည်နှင်ဒဏ်ပေးကာ တိုင်းပြည်သို့ ပြန်ရောက်သောအခါ သတိုးနွယ်အား နန်းအပ်ပြီး မိမိသုံးနှစ်ခန့် လောကကြီးထဲဝင်ပြီး လောကအကြောင်း လေ့လာဦးမည်ဆိုကာ ဦးခေါင်း . . . ခေါင်းကျားရိပ်ပြီး အရူးကဲ့သို့ ပြင်ဆင်ကာ ဖာတစ်လုံးနှင့် မိကျောင်း(စောင်း)ကိုယူကာ တိုင်းပြည်မှ ထွက်ခဲ့၏။

ပထမဆုံး သူဖခင်လက်ထက်က သူကောင်းပြုခဲ့သည့် ကလန်ကြီးအိမ်သို့ ဝင်ခဲ့၏။ ကလန်ကြီးသည် အရူးအသွင်ဖြင့် ဖာတစ်လုံးခေါင်းကျားကို မြင်သောအခါ အိမ်ထဲသို့အဝင်မခံဘဲ မောင်းထုတ်လိုက်၏။

ထို့နောက် ဖခင်လက်ထက်က ပြည်နှင်ဒဏ်ပေးခြင်းခံခဲ့ရသော စစ်သူကြီး နေမျိုးကျော်ထင်နှင့် ဆုံ၏။ နေမျိုးကျော်ထင်က အပြစ်ရှိ၍သာ အပြစ်ခံရခြင်းဖြစ်ကြောင်းပြောကာ ဖာတစ်လုံးခေါင်းကျားထံတွင် ခစား၏။ ဖာတစ်လုံးခေါင်းကျားက အကြိမ်ကြိမ် မောင်းထုတ်သော်လည်း အပါးမှမခွာဘဲ ပြုစုစောင့်ရှောက်လေ၏။ ကျေးကျွန်ကောင်းတို့၏ သဘောကို သိရသည်။

**❖ ဖာတစ်လုံးခေါင်းကျားဝတ္ထုသည် ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ကမ္ဘာစစ်ကြီးပြီးသည်ထိ ထင်ရှားသောဝတ္ထုဖြစ်သည်။ လောကအတွင်း ဘဝအတွေ့အကြုံများကိုရှာဖွေကာ ဘဝအတွေ့အကြုံများမှရရှိသော ပညာမှသာ ပညာစစ်ဖြစ်ကြောင်းပြသလိုသည့် ဝတ္ထုဖြစ်သည်။ ရှေးအစဉ်အလာဝတ္ထုပုံစံ ဝတ္ထုမျိုးဖြစ်သည်။ ရှေ့ပိုင်း မျိုးညွန့်ရှိန်နှင့်သတိုးနွယ်တို့၏ ပြောဟန်များသည် ရတနာ့ကြေးမုံဝတ္ထုထဲမှ စကားပြောဟန်များနှင့်တူသည်ဟု စာပေဝေဖန်သူတို့က မှတ်ချက်ချကြသည်။ ဖာတစ်လုံးခေါင်းကျားသည် လူကြီး၊ လူငယ်မရွေးဖတ်နိုင်သော ဝတ္ထုမျိုးဖြစ်သည်။ ပညာပေးအဆုံးအမအာဘော်များကို တွေ့ရသည်။ ပညာပေးဇာတ်လမ်း ဝတ္ထုမျိုးဖြစ်သည်။ ❖**

ဖာတစ်လုံးခေါင်းကျားသည် ပန်းတိမ်ရွာသို့ဝင်ကာ မိမိခမည်းတော်လက်ထက်က ချီးမြှင့်မြှောက်စားခြင်းခံရသော သူဌေးကြီးထံ ဝင်ပြန်၏။ သူဌေးကြီးကား ဖာတစ်လုံးခေါင်းကျားအရူးကို လက်မခံနှင်ထုတ်ပြန်၏။

ကျေးကျွန်တို့၏ သဘောကိုနားလည်ပြီးနောက် မိတ်ဆွေတု၊ မိတ်ဆွေစစ်တို့၏သဘောကို သိရှိရန် တက္ကသိုလ်မှာနေစဉ်က ခင်မင်ခဲ့သော ပရိမ္မမင်းသား စံရာ ပရိမ္မပြည်သို့ ဝင်ခဲ့၏။ ပရိမ္မမင်းသားမှာ ရှင်ဘုရင်ဖြစ်နေပေပြီ။ ပရိမ္မဘုရင်သည် အရူးအသွင်ဖြင့် မြင်ရသော မျိုးညွန့်ရှိန်အား လက်မခံလို၊ အရူးနှင့်မိတ်ဆွေဖြစ်ရသည်မှာ ရှက်စရာဟုတွေးကာ သတ်ရန်အမိန့်ပေးလေသည်။ သတ်လုဆဲဆဲတွင် တက္ကသိုလ်တွင် ရန်သူပမာဖြစ်ခဲ့သော စေတုတ္တရာပြည့်ရှင် မင်းဘီလူးက ဝင်ရောက်ကယ်ဆယ်သဖြင့် လွတ်မြောက်ခဲ့သည်။

ထိုမှ ဖာတစ်လုံးခေါင်းကျားသည် ချစ်သူ မြဝတ်ရည်ထံသို့ ဝင်ခဲ့သည်။ မြဝတ်ရည်မှာ ဘုရင်မကြီးဖြစ်နေပေပြီ။ မြဝတ်ရည်သည် ယခင်က ချစ်သူဖြစ်ခဲ့သော်လည်း အရူးအသွင်ဖြင့် မြင်ရသောအခါတွင် အရှက်ရသဖြင့် ဖမ်းကာထောင်ချလိုက်သည်။ မြဝတ်ရည်၏မောင်က ကယ်ဆယ်ခဲ့သဖြင့် ထောင်မှ လွတ်မြောက်ခဲ့သည်။

တကောင်းပြည်တွင် အစ်မနှစ်ယောက်ရှိရာဝင်၍ တွေ့၏။ အစ်မများက မောင်ငယ်အရူးကို ကြိုဆို၏။ သို့သော် ယောက်ဖဖြစ်သူ ရှင်ဘုရင်က နှင်ထုတ်သဖြင့် တကောင်းပြည်မှ ထွက်ခဲ့ရပြန်၏။

စမ္ပာနဂိုရ်မြို့သို့ရောက်၏။ မြို့ဝန်ကတော်က အိမ်သို့ခေါ်ကာ ကျွေးမွေး၏။ မြို့ဝန်က ပြည့်ရှင်မင်း၏ သမီးတော် ပန်းကုံးစွပ်ရွေးချယ်ပွဲအတွက် ရွှေပန်းကုံးပြုလုပ်နေ၏။ ဖာတစ်လုံးခေါင်းကျားက ကူညီသည်။ ပြည့်ရှင်မင်းက ဖာတစ်လုံးခေါင်းကျားသည် ပန်းကုံးစွပ်ပွဲကို ပျက်အောင်လုပ်လိမ့်မည်ဟု သတင်းကြားသဖြင့် ထောင်သွင်းအကျဉ်းချထားလိုက်သည်။

သို့ဖြင့် မင်းသမီး လှမျိုးမြင့်သည် ပြည့်ရှင်မင်း၊ မင်းသားများအား ပန်းကုံးစွပ်ရန်အတွက် မည်သူကိုမျှ ပန်းကုံးစွပ်မရွေးချယ်ခဲ့ပေ။ သို့ဖြင့် မှူးသား၊ မတ်သား၊ ကလန်၊ သန်ပျင်သားများ ပန်းကုံးစွပ်ခံရန် လာကြပြန်၏။ ထိုသူများလည်း ပန်းကုံးစွပ်မခံရပေ။

မင်းသမီးသည် ထောင်တွင်းမှ ဖာတစ်လုံးခေါင်းကျားတီးသော မိကျောင်း(စောင်း)သံကို ကြားမိရာမှ စွဲလမ်းနေမိသည်။ သူအဖို့ စောင်းသံကို ညတိုင်းကြားနေရရာ စောင်းဆရာသည် သူ့ဖူးစာရှင်ဖြစ်လိမ့်မည်ဟု မှတ်ယူထားလေသည်။ ထို့နောက် တိုင်းပြည်အတွင်းရှိ ယောကျ်ားမှန်သမျှ ပန်းကုံးစွပ်ခံရန် လာရောက်ကြသော်လည်း မည်သူမျှ ပန်းကုံးစွပ်မခံကြရပေ။

နောက်ဆုံး ထောင်သားများကိုထုတ်၍ ပန်းကုံးစွပ်ပွဲဝင်စေ၏။ လှမျိုးမြင့်သည် ထောင်သားများကြားမှ ဖာတစ်လုံးခေါင်းကျားကို တွေ့မြင်ရကာ သူသာလျှင်သူ၏ ဖူးစာရှင်ဖြစ်သည်ဟုဆိုကာ ပန်းကုံးစွပ်ရွေးချယ်လိုက်လေသည်။ ရှင်ဘုရင်ကြီးမှာ များစွာအရှက်ရသဖြင့် ဖာတစ်လုံးခေါင်းကျားနောက်သို့ လိုက်သွားရန် အမိန့်ချလေသည်။

ပြီးနောက် စမ္ပာနဂိုရ်ပြည်ကို ရန်သူများဝိုင်းတိုက်လာသဖြင့် ဖာတစ်လုံးခေါင်းကျားအား အကူအညီတောင်းလာ၏။ စမ္ပာနဂိုရ်ပြည်ကို လာရောက်တိုက်ခိုက်သူများမှာ သက်သာနှင့်စေတုတ္တရာပြည်တို့မှ စစ်တပ်များဖြစ်၏။ သတိုးနွယ်နှင့် မင်းဘီလူးတို့က သုံးနှစ်ကျော်မျှ မျိုးညွန့်ရှိန်ပျောက်ဆုံးနေသဖြင့် နိုင်ငံအနှံ့ လှည့်လည်ရှာဖွေရင်း ရောက်ရှိလာကြခြင်းဖြစ်သည်။ နောက်ဆုံးတွင် မျိုးညွန့်ရှိန်(ဖာတစ်လုံးခေါင်းကျား) သည် ထီးနန်းကို ပြန်လည်ရယူကာ မိမိလောကအတွေ့အကြုံတစ်လျှောက် ချီးမြှင့်သင့်သူတို့ကို ချီးမြှင့်မြှောက်စားလေသတည်း။

ဖာတစ်လုံးခေါင်းကျားဝတ္ထုသည် ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ကမ္ဘာစစ်ကြီးပြီးသည်ထိ ထင်ရှားသောဝတ္ထုဖြစ်သည်။ လောကအတွင်း ဘဝအတွေ့အကြုံများကိုရှာဖွေကာ ဘဝအတွေ့အကြုံများမှရရှိသော ပညာမှသာ ပညာစစ်ဖြစ်ကြောင်း ပြသလိုသည့် ဝတ္ထုဖြစ်သည်။ ရှေးအစဉ်အလာဝတ္ထုပုံစံ ဝတ္ထုမျိုးဖြစ်သည်။ ရှေ့ပိုင်း မျိုးညွန့်ရှိန်နှင့်သတိုးနွယ်တို့၏ ပြောဟန်များသည် ရတနာ့ကြေးမုံဝတ္ထုထဲမှ စကားပြောဟန်များနှင့်တူသည်ဟု စာပေဝေဖန်သူတို့က မှတ်ချက်ချကြသည်။ ဖာတစ်လုံးခေါင်းကျားသည် လူကြီး၊ လူငယ်မရွေးဖတ်နိုင်သော ဝတ္ထုမျိုးဖြစ်သည်။ ပညာပေးအဆုံးအမအာဘော်များကို တွေ့ရသည်။ ပညာပေးဇာတ်လမ်းဝတ္ထုမျိုးဖြစ်သည်။

ထို့ကြောင့် ကျောင်းသုံးစာအုပ်ဝတ္ထုအဖြစ်လည်းကောင်း၊ ကျောင်းစာကြည့်တိုက်များတွင်ထားရန် ဝတ္ထုအဖြစ်လည်းကောင်း ထိုခေတ်က ပြဋ္ဌာန်းခဲ့သည်။ ဝတ္ထုအနေဖြင့် စာဖတ်ပရိသတ်ကြိုက်ဝတ္ထုဖြစ်သဖြင့် အကြိမ်ကြိမ်ရိုက်နှိပ်ရသည်။ အသံတိတ်ခေတ်က အသံတိတ်ရုပ်ရှင်ရိုက်ခဲ့ရပြီး အသံထွက်ရုပ်ရှင်ခေတ်တွင်လည်း ပြန်လည်ရိုက်ခဲ့ရသည်။ အောင်မြင်သော ရုပ်ရှင်ဖြစ်ခဲ့သည်။

ဦးဘိုးသင်းသည် လောကအမြင်ကို အသားပေးရေးသားခဲ့သည့် စာရေးဆရာကြီးဖြစ်သည်။ ၁၈၉၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်တွင် သရက်ခရိုင် မင်းတုန်းမြို့တွင် မွေးဖွားခဲ့သည်။ ဦးဘဦး-ဒေါ်ရွှေအိတ်တို့၏ ဒုတိယသားဖြစ်သည်။ မင်းတုန်းမြို့တွင် ခုနစ်တန်းအောင်သည်ထိ ပညာသင်ကြားခဲ့ပြီး မန္တလေး နော်မံကျောင်း၌ ဆရာဖြစ်အောင်ခဲ့သည်။ မြစ်ကြီးနားနှင့် ဝန်းမော်မြို့တို့တွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် စာနယ်ဇင်းလောကသို့ ဝင်ခဲ့သည်။ ငမဲကျွန်ဝတ္ထုဖြင့် စာပေဝိမာန်ဆုရခဲ့ပြီး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကိုလည်း ရေးသားခဲ့သည်။

# သရက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**သရက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၊ ထုံးတောင်ကျေးရွာနှင့် ပေါက်ပင်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြနှစ်ဦးက ကွန်ပျူတာအခြေခံနှင့် ပတ်သက်သည့် Microsoft word၊ Excel၊ Page Maker၊ Power Point စသည့်သင်ခန်းစာများကို ဇွန် ၆ ရက်မှ ၂၀ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။




စင်မာ

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ၂၄ ပြည်ဝင် ဆန်အိတ် ၂၅၀၀ ထိ တင်ပို့ရောင်းချနေရ



**မော်လမြိုင်ကျွန်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ၂၄ ပြည်ဝင် ဆန်အိတ် ၂၅၀၀ ထိတင်ပို့ရောင်းချနေရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးအောင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန် စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက် ဆန်နှင့် စပါးများကို ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိ ဇွန် ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ၂၄ ပြည်ဝင်ဆန်အိတ် ၂၅၀၀ ထိတင်ပို့ရောင်းချနေရကြောင်း၊ ပြီးခဲ့သည့် ဧပြီလနှင့် မေလက တစ်ရက်လျှင် ၂၄ ပြည်ဝင် ဆန်အိတ် ၁၂၀၀ သာ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ဆန်တွေ ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာများပါတယ်။ ၂၄ ပြည်ဝင် အိတ်ကိုအများဆုံးတင်ပို့ရောင်းချပါတယ်။ ပုသိမ်မြို့ဘက်ကိုလဲ တင်ပို့ရောင်းချတာရှိပါတယ်။ ရန်ကုန်မြို့လောက်တော့ အိတ်ရေမများပါဘူး။ ဆန်တွေက အခု ဇွန်လ ပထမပတ်ကနေစတင်ပြီး ဝယ်ယူမှုက သိသိသာသာ လိုက်လာပါတယ်။ တင်ပို့ရောင်းချတဲ့အား တက်လာတော့ ဆန်စပါးလုပ်ငန်းနယ်ပယ်အသီးသီးကသူတွေအဆင်ပြေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးအောင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဇွန် ၁ ရက်မှ ယနေ့ထိ ဧရာပဒေသာ၊ ရက် ၉၀၊ ထိုင်းဘေးကျား၊ သီးထပ်၊ မနောသုခ၊ ဆင်းသုခ၊ ကျားပျံ၊ ပေါ်ဆန်းမွှေး၊ လုံးပုစသည့် ဆန်အမျိုးအစားများကိုတင်ပို့ရောင်းချကြောင်း၊ အဆိုပါ တင်ပို့ရောင်းချနေရသည့် ဆန်ဈေးနှုန်းများမှာ ၂၄ ပြည်ဝင် ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ သီးထပ်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ထိုင်းဘေးကျား တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀၊ ဧရာပဒေသာ တစ်အိတ်လျှင်ငွေကျပ် ၆၅၀၀၀၊ ဆင်းသုခတစ်အိတ်လျှင်ငွေကျပ် ၆၃၀၀၀၊ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၊ ကျားပျံ ရှယ်တစ်အိတ်လျှင် ၈၇၀၀၀ ထိ ဈေးပေါက်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ရေဖြူ ဇွန် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ညင်းထွေးကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်၊ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးလှိုင်အေး၊ ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ညင်းထွေးကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းဖြစ်သည့် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၀၄၁ သန်းဖြင့် ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ညင်းထွေးကျေးရွာရှိ အိမ်ခြေ ၄၀၃ အိမ်မှ လူ ၁၆၀၈ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုမြင့်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၀၉၇ ဧကစိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၀၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံဧက ၂၂၉၇၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ပဲမျိုးစုံ ၁၄၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် ပဲမျိုးစုံသီးနှံဧက ၂၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ပဲမျိုးစုံ ၁၄၀၉၇ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားဖို့အတွက် ပဲမျိုးစုံ အထွက်ကောင်းမျိုးကောင်းမျိုးသန့်တွေကို သုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ဒေသထွက်မြေဩဇာအချိုးကျ သုံးစွဲနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း (မိုးကြို) ၇၆၂၄ ဧက၊ ပဲတီစိမ်း(မိုး) ၁၇၂၉ ဧက၊ ပဲစင်းငုံ ၄၆၉၉ ဧက၊ စွန်တာပြာ ၂၇ ဧကနှင့်ထောပတ်ပဲ ၁၈ ဧက စုစုပေါင်း ၁၄၀၉၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ပဲမျိုးစုံသီးနှံ ၂၀၇၃၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဆိပ်ဖြူမြို့နယ် ဂျုတ်ချောင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျုတ်ချောင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဂျုတ်ချောင်လေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၃၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂျုတ်ချောင်လေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၂၆၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သိန်း ၃၀ စုစုပေါင်း အသင်းသားအသင်းသူ ၉၇ ဦးကို နဝမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၅၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# တန့်ယန်းမြို့နယ် မတ်ချိန့-ဟွေယုတ်ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဇွန် ၂၁**


ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၆ သန်းဖြင့် မတ်ချိန့-ဟွေယုတ် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မတ်ချိန့-ဟွေယုတ် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မတ်ချိန့-ဟွေယုတ်ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြန်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် Slab Culvert သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၆၇ ဒသမ ၆ သန်းဖြင့် တောင်ညီနောင်ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် မတ်ချိန့၊ ဟွေယုတ်၊ လုံမွန်းနှင့် နမ့်ကောက်ကျေးရွာမှ လူ ၁၃၂၇ ဦး၏ စိုက်ပျိုးမြေဧက ၆၀ ကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မမှားစေနဲ့

မြင်းခြံကျော်အောင်

"မှားဆိုတာဘယ်သူလဲ"

"ဆရာ ကျွန်တော်မှားဆိုမိတာပါ"

"အေးအေး ကိုယ့်အမှားကို ကိုယ်သိတာ၊ ဝန်ခံတာကောင်းတယ်။ နောင်မမှားစေနဲ့"လို့ ကျွန်တော့်ကို အတန်းပိုင်ဆရာ ဆရာစိုးကဆုံးမခဲ့တယ်။ အဲဒါကျွန်တော့်အသက် ၁၂ နှစ်သား ၁၉၅၁ ခုနှစ်က မြင်းခြံမြို့ မူလတန်းကျောင်းမှာ တတိယတန်းတက်စဉ်ကအဖြစ်။

ဆရာက စာမှားမဆိုဖို့သာ ထိုစဉ်ကဆုံးမခဲ့တာ။ အခုအသက်အရွယ်ရလာလို့ စဉ်းစားကြည့်တဲ့အခါ မမှားအောင်လုပ်ဖို့က သိပ်အရေးကြီးတာတွေ့ရတယ်။ မှားလို့ ပစ္စည်းဥစ္စာကုန်ခန်းတာရှိခဲ့တယ်။ မှားလို့ သေကျေဒဏ်ရာရတာဖြစ်ခဲ့တယ်။ မှားလုပ်လို့ ထောင်ကျရတာဖြစ်နေတယ်။ ဒါတစ်ယောက်ချင်း၊ တစ်အိမ်ထောင်ချင်းကိုစွပြောတာ။

အများပြည်သူတွေမှားလို့၊ မူဝါဒချမှတ်တဲ့အစိုးရမင်းတွေမှားလို့ တိုင်းပြည်ပါဆင်းရဲဒုက္ခရောက်ရတာလဲ တွေ့ရ၊ လေ့လာသိရှိရ၊ ခံစားရတာတွေရှိခဲ့တယ်။

အဲဒီတော့ မှားတဲ့လုပ်ရပ် လုပ်မိတာဟာ မကောင်းတဲ့အလုပ်ဖြစ်တယ်။ အဲဒီလိုမဖြစ်အောင် လုပ်ကြဖို့ လိုတာပေါ့နော်။ အဲဒီအကြောင်းအရာကို ရေးသားဖော်ပြပါမယ်။

မေ့လျော့မှုကြောင့်လဲ မှားလုပ်မိတာ၊ ဆုံးရှုံးရတာတွေရှိခဲ့တယ်။ ရန်ကုန်မှာဆိုရင် ဘတ်စကားစီးရာမှာ ကိုယ့်လက်ကိုင်ဖုန်းကို သေသေချာချာမသိမ်းဆည်းဘဲ မေ့လျော့ပြီး လွယ်လင့်တကူထားမိရာက မသမာသူက နှိုက်ယူသွားပြီး ဆုံးရှုံးရတယ်။ တယ်လီဖုန်းက သိန်းချီတန်တာ၊ ဖုန်းထဲကအချက်အလက်တွေ ဆုံးရှုံးသွားတာက တန်ဖိုးနဲ့တွက်လို့မရဘူး။ အဲဒီလောက်ကို ဆုံးရှုံးတာ။

မေ့လျော့ပြီး ရုပ်မြင်သံကြားခလုတ်တစ်ခုပဲပိတ်ပြီး အိပ်မိတဲ့အဖြစ်လဲ ကြားသိရတယ်။ တကယ်ပိတ်ရမှာက ဆော့ဂတ်လဲပိတ်ရမယ်။ လျှပ်စစ်မီးခလုတ်လဲပိတ်ရမယ်။ လျှပ်စစ်မီးသွယ်တန်းထားတဲ့မီးကြိုးလဲဖြုတ်ရမယ်။ အဲဒီလိုလုပ်ရမှာလေးခုကို မလုပ်မိဘဲ တီဗီစက်လေးပဲ လိုင်းပိတ်တဲ့အလုပ်လုပ်တော့ လျှပ်စစ်ဌာနက မီးအားလဲမြှင့်ပေးလိုက်ကော ရုပ်မြင်သံကြားစက်လဲ ပျက်ကောဖြစ်တော့တယ်။ ပြင်ဖို့ဆိုင်သွားအပ်တော့ ရက်သတ္တနှစ်ပတ်ကြာမှရတယ်။ ကုန်ကျစရိတ်တစ်သိန်းလောက် ကုန်ခဲ့တယ်။ အဲဒါမေ့လျော့ပြီး မှားလုပ်မိတာ၊ လုပ်သင့်တာအားလုံးမလုပ်မိတာ။

တစ်ခါက ချင်းပြည်နယ် ဟားခါးမြို့ပေါ်မှာ အိမ်အပေါ်ထပ် မွေ့ရာပေါ် လက်ကိုင်ဖုန်းတင်ပြီး လျှပ်စစ်အားသွင်းတယ်။ လူက အောက်ထပ်မှာနေပြီး လုပ်စရာလေးတွေလုပ်နေတယ်။ ဖုန်းအားပြည့်ချိန် မီးမပိတ်ဘဲထားရာက အပူလွန်ကဲပြီး မွေ့ရာမီးလောင်ရာက တစ်ထပ်လုံးမီးဘေးသင့်ခဲ့တယ်။ အဲဒါမေ့လျော့မှုကြောင့် လုပ်သင့်တာမလုပ်မိ၊ မလုပ်သင့်တာတွေ လုပ်နေမိလို့ ဆုံးရှုံးရတာတွေဖြစ်တယ်။ မီးပေါ့ဆမှုနဲ့ အရေးယူခံရတယ်။ အိမ်ပြင်ရလို့ ငွေကုန်တယ်။ ဘယ်လောက်ဆုံးရှုံးသလဲ။ အဲဒါကြောင့် မေ့လျော့ပြီး လုပ်သင့်တာလုပ်သင့်တဲ့အချိန်မလုပ်ဘဲ တခြားဟာတွေ လျှောက်လုပ်နေတာဟာ မှားယွင်းတဲ့လုပ်ရပ်ဖြစ်ပြီး ဆုံးရှုံးရတာတွေဖြစ်ခဲ့တယ်။

အဲဒါကြောင့် မမှားအောင်သတိထားရမှာပါ။

နောက်ပြောမှာက ပေါ့လျော့မှုပဲ။ ပေါ့လျော့မှုကြောင့်အမှားမှားအယွင်းယွင်း လုပ်မိတတ်တယ်။ တစ်နေ့က ရန်ကုန်မြို့ထဲမှာ ည ၈ နာရီကျော်မှာ လူတစ်ယောက်ဟာ ကိုယ့်ကားကိုယ်မောင်းပြီးသွားရာ လမ်းဘေးကလျှပ်စစ်မီးတိုင်ရဲ့ ကွန်ကရစ်တုံးကို ဝင်တိုက်မိတာ လူလဲသေ၊ ကားလဲ အများကြီးပျက်စီးသွားခဲ့တယ်။ အဲဒါဘာမှားသလဲ။

❖ ဒါဘာလဲ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ လစ်ဘရယ်အရေးဆိုပြီး အဲဒီနောက်လိုက်နေသူတွေ၊ လိုက်တဲ့လမ်းကဘာလဲ လူသတ်၊ ရုံးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ မိုင်းခွဲ၊ ဗုံးကွဲ။ ခရီးသွားပြည်သူတွေ ချောင်းပစ်။ ဒါတွေလုပ်နေတာ။ အဲဒါယုံကြည်ချက်မှားနေတာ။ ကြွေးကြော်တာကတခြား လုပ်ရပ်ကတလွဲဖြစ်နေတာ။ ဒီလုပ်ရပ်တွေကို ဗမာပြည်ကွန်မြူနစ်ပါတီကလဲ လုပ်ခဲ့တယ်။ နောက်ဆုံး အဲဒီလုပ်ရပ်လုပ်သူတွေ အခုဘယ်ရောက်သွားပြီလဲ။ လုံးဝပျက်သုဉ်းသွားခဲ့ပါပြီ။ အကျိုးဆက်ကတော့ တိုင်းပြည်ဖွံ့ဖြိုးမှုမရှိခဲ့တာသာ အဖတ်တင်ပါတယ်။ ❖

မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့ဆိုတဲ့ ယာဉ်စည်းကမ်းမလိုက်နာတာလဲဖြစ်နိုင်တယ်။ အရှိန်ပြင်းပြင်းမမောင်းရဘူး။ မှန်မှန်မောင်းရင် မြန်မြန်ရောက်တယ်ဆိုတာလဲ မလိုက်နာဘူး။ လူရှင်းတယ်ဆိုပြီး အရှိန်ပြင်းပြင်းမောင်းရာက မထိန်းသိမ်းနိုင်ဘဲ လမ်းဘေးကကွန်ကရစ်တုံးကို ဝင်တိုက်တာ။ ဒါနဲ့ဒုက္ခရောက်ရော။ အဲဒါပေါ့လျော့မှုပဲ။ ပေါ့လျော့ရာက မှားပြီးလုပ်မိတာ ပေးဆပ်ရတဲ့တန်ဖိုးက မနည်းဘူး။

ခြေတစ်လှမ်း လှမ်းရာကစပြီး ဂရုစိုက်ရမယ်။ ဂရုတစိုက်မသွားလာမိရာက လဲကျပေါင်းကျိုး၊ ဒူးဆစ်အရွတ်ပြတ်ဆိုတာတွေ ဖြစ်ဖူးတယ်။ အဲဒီတော့ ဆေးရုံရောက်၊ ရောဂါဒဏ်ပြင်းပြင်းထန်ထန်ခံစားရ၊ ငွေကုန်ကြေးကျများရတာတွေရှိခဲ့တယ်။ အဲဒါကြောင့် ပေါ့ဆပြီး မှားယွင်းမှုမဖြစ်အောင် အစစထိန်းသိမ်းကြရပါမယ်။ မှန်မှန်သွား မှန်မှန်လုပ်ကြရပါမယ်။

နောက်တစ်ခုက ယုံကြည်မှု လွန်ကဲတာပါ။ အဲဒါကတော့ ငွေရေးကြေးရေးနဲ့ပတ်သက်တာဖြစ်ပါတယ်။ ယုံကြည်မှုလွန်ကဲတာကြောင့် ဆုံးရှုံးတာတွေဖြစ်နေတယ်။ အဲဒါမှားပြီးလုပ်မိလို့ပါ။

အထူးသဖြင့် ငွေကြေးဆုံးရှုံးမှုတွေပဲ။ ငွေနဲ့ပတ်သက်ရင် ဘယ်သူ့မှမယုံကြည်ရပါဘူး။ ကိုယ့်ဆွေမျိုးသားချင်းလဲ မယုံကြည်ရဘူး။ ကိုယ့်သူငယ်ချင်း ငယ်ပေါင်းကြီးဖော်မို့လဲ မယုံကြည်ရဘူး။ အခုမှ နဖူးတွေ့ ဒူးတွေ့ တွေ့ရတဲ့သူတွေဆို ပိုလို့တောင်မယုံကြည်ရပါဘူး။

အဲဒါကြောင့် ရှေးလူကြီးတွေက စကားပုံထားဆုံးမခဲ့တယ်။ "ကိုယ်ကကျူး ကိုယ့်ဒူးမယုံရ"တဲ့။ ကိုယ်ခန္ဓာကိုယ်ထောက်မထားတဲ့ ကိုယ့်ဒူးတောင်ကိုယ်မယုံရရင် ဘယ်သူ့ကို ယုံရမှာလဲ။ ဘယ်သူ့မှမယုံကြည်ပါနဲ့။ ယုံရင်မှားပြီး လုပ်မိတတ်တယ်။ အခက်အခဲရှိလို့ ငွေကျပ် တစ်ထောင်လောက်ချေးလို့ ပြန်မရတာက ပြဿနာမဟုတ်ဘူး။ ငွေကျပ် ၁၀ သိန်း၊ သိန်း ၂၀၊ သိန်း ၅၀ ပြန်မရတာကမှ လုပ်မိပြီး မှားမှန်းသိတာမျိုးဖြစ်ဖူးတယ်။ ကြားရဖူးတယ်။ အတိုးမက်တာကိုး။ ချိုချိုသာသာလေးပြောတာကိုယုံတာကိုး။ ဆွေမျိုးတွေပဲမလုပ်ပါဘူး။ ပြောတာယုံတာကိုး။ အဲဒီတော့လောဘရမ္မက်ကလဲ ကိုယ့်စိတ်ကိုဖုံးလွှမ်းလာတော့ ပေးမိတယ်။ ချေးမိတယ်။ ဒါနဲ့ ပြန်မရတော့ဘူး။ ဘာလုပ်မလဲ။ စနစ်တကျ စာချုပ်နဲ့ချေးတာမဟုတ်တော့ ဘာမှလုပ်မရဘူး။ ဒီတင်ဆုံးရှုံးရတော့တယ်။ ဆုံးရှုံးမှ ငါသူလာပြောတုန်းက ငြင်းရမှာ၊ ငါကိုယ်က ယုံမိတာလို့ သံဝေဂရမိတယ်။ အဲဒါမှားတာကြောင့်ဖြစ်တယ်။ တစ်သက်တာခံစားရတာ။

ပိုဆိုးတဲ့ ယုံကြည်မှုကတော့ အမျိုးသမီးတွေနဲ့ ပတ်သက်တယ်။ လက်ကိုင်တယ်လီဖုန်းတွေနဲ့လဲ ဆက်စပ်တယ်။ လက်ကိုင်တယ်လီဖုန်းသုံးပြီး ဇာစ်မြစ်မသိရတဲ့ သူစိမ်းယောကျ်ားတွေနဲ့ ပြောဆိုဆက်ဆံကြတယ်။ ဓာတ်ပုံတွေပို့ကြတယ်။ တစ်ဖက်ကမသမာသူကလဲ အပြောချိုတယ်။ အဲဒါကြည်နူးတယ်။ ယုံစားမိတယ်။ ဒါနဲ့ လူချင်းချိန်းတွေ့တဲ့အဆင့်ရောက်တယ်။ အဲဒီအခါ ကိုယ်ကာယလွန်ကျူးတာခံကြရတယ်။ ဝတ်ဆင်ထားတဲ့ရွှေထည်တွေ လုယက်ခံကြရတယ်။ ပစ္စည်းယူပြီး လူသတ်ပစ်တာထိ ခံကြရတယ်။ အဲဒီလိုဖြစ်စဉ်တွေ နားမဆံ့အောင်ကြားရတယ်။ အဲဒါယုံကြည်မှုလွန်ကဲရာကဖြစ်တဲ့ အမှားအယွင်းတွေပဲ။ တချို့လူမသေပေမဲ့ နာမည်ကသေသွားပြီး ဂုဏ်သိက္ခာကမြေအောက်ရောက်သွားပြီ။

အချို့မိန်းကလေးတွေဆို အဲဒီလိုမှားတာခဏခဏဖြစ်သူတွေလဲရှိတယ်။ ငွေလိမ်ခံရတယ်။ လူစော်ကားခံရတယ်။ အဲဒီလိုဖြစ်နေတာ အဲဒီလိုမဖြစ်အောင်၊ အဲဒီလိုမမှားအောင်လုပ်ရမှာပါ။ ဘာလုပ်ရမလဲ။ မေးဖန်များစကားရဆိုသလို မေးမြန်းစုံစမ်းရပါမယ်။ စာဖတ်ကြရပါမယ်။ ဒါမှ သတိဆိုတာရှိလာပြီး ပညာဗဟုသုတရကာ ဆင်ခြင်နိုင်မှာပါ။

မြန်မာဆိုရိုးစကားတစ်ခုရှိတယ်။ "သတိလက်ယာ ပညာလက်ဝဲ"တဲ့။ ဘယ်အရာမှာမဆို သတိနဲ့ပညာယှဉ်ပြီး ကြံစည်ပြောဆိုပြုမူရမယ်လို့ဆိုလိုတယ်။ ဒါဆို အမှားကင်းမှာပါ။ အမှားကင်းမှ အထွေထွေသော ဆုံးရှုံးမှုကြီးမဖြစ်တော့ဘူးပေါ့။ ဒါက အရပ်ထဲကလူတွေ မှားနေတာပြောတာပါ။

ဒီနေ့ ကျွန်တော်တို့ပြည်သူတချို့ မှားနေတာရှိတယ်။ အဲဒါ လူတွေကို အပြစ်တင်နေတာမဟုတ်ဘူး။ လက်တွေ့ဖြစ်နေတာကို အရင်းအတိုင်းပြောတာပါ။ ကောင်းစေချင်လို့ပါ။ တိုင်းပြည်အေးချမ်းစေချင်လို့ပါ။

ဒါဘာလဲ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ လစ်ဘရယ်အရေးဆိုပြီး အဲဒီနောက်လိုက်နေသူတွေ၊ လိုက်တဲ့လမ်းကဘာလဲ လူသတ်၊ ရုံးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ မိုင်းခွဲ၊ ဗုံးကွဲ။ ခရီးသွားပြည်သူတွေ ချောင်းပစ်။ ဒါတွေလုပ်နေတာ။ အဲဒါ ယုံကြည်ချက်မှားနေတာ။ ကြွေးကြော်တာကတခြား လုပ်ရပ်ကတလွဲဖြစ်နေတာ။ ဒီလုပ်ရပ်တွေကို ဗမာပြည်ကွန်မြူနစ်ပါတီကလဲ လုပ်ခဲ့တယ်။ နောက်ဆုံးအဲဒီလုပ်ရပ်လုပ်သူတွေ အခုဘယ်ရောက်သွားပြီလဲ။ လုံးဝပျက်သုဉ်းသွားခဲ့ပါပြီ။ အကျိုးဆက်ကတော့ တိုင်းပြည်ဖွံ့ဖြိုးမှုမရှိခဲ့တာသာ အဖတ်တင်ပါတယ်။

အခုလဲ မှားယွင်းမှုတွေလုပ်နေတော့ ပြည်သူတွေမျက်ရည်နဲ့ မျက်ခွက်ဖြစ်ကြရတယ်။ ကုန်ပစ္စည်းအရောင်းအဝယ်တွေမဖြစ်လို့ ဝင်ငွေတွေ အခက်အခဲဖြစ်ကြရတယ်။ တိုင်းပြည်မငြိမ်သက်လို့ ပြည်ပခရီးသွားတွေမလာဘူး။ အဲဒါတွေ၊ အဲဒီဆုံးရှုံးမှုတွေကို ဖန်တီးပြုလုပ်သူတွေလဲ ခံစားနေကြရတာပါပဲ။ သူတို့လဲ မလွတ်ကင်းပါဘူး။ အဲဒီတော့ အမှားကိုရှောင် အမှန်ကိုဆောင်ကြရမှာပါ။

အဲဒီတော့ မှားလုပ်တယ်ဆိုတာ ဘယ်လောက်အန္တရာယ်ကြီးသလဲဆိုတာ သိရပြီမဟုတ်လား။ ဒီတော့ ကျွန်တော်လေးစားချစ်ခင်တဲ့ ကျွန်တော့်ဆရာ ဆရာစိုး ဆုံးမခဲ့သလို မမှားစေနဲ့ပေါ့။ မမှားရင်အမှန်တွေလုပ်မိပြီး အနိမ့်ဆုံး အဆင်မပြေမှုလေးကစပြီး အကြီးအကျယ် ဒုက္ခရောက်ရတာတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

ကဲ. . . မမှားအောင်လုပ်ကြပါစို့။

# မင်းတုန်းမြို့နယ်၌ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်း

**မင်းတုန်း ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညီဝင်းအောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းမှ သင်ကြားပေးခဲ့သော သင်ခန်းစာများကို စဉ်ဆက်မပြတ်အမြဲလေ့လာပြီး လက်တွေ့နယ်ပယ်တွင် မိသားစုအတွက် အပိုဝင်ငွေရရှိနိုင်သည်ထိ အကျိုးရှိရှိအသုံးပြုစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ အသီးသီးလွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာနှစ်ဦးက အင်ဂျင်ပြုပြင်နည်း၊ ဝိုင်ယာရိန်းပြုပြင်နည်း၊ တာယာ/ကျွတ်ဖြုတ်တပ်နည်း၊ ချိန်းစပေါ့ကတ်ဖြုတ်တပ်နည်းများကို ဇွန် ၆ ရက်မှ ဇွန် ၂၀ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေးပီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ သြစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ဝန်ထမ်းအလိုရှိသည်

**(1) Sales Drive** — **Male (2) Post**

(၃)တန်းနှင့်အထက် ကားကြီးမောင်းနိုင်သူဖြစ်ရမည်။ယာဉ်မောင်းလိုင်စင်ရှိရမည်။ တက္ကသိုလ်ဝင်တန်းအဆင့်(သို့)ဘွဲ့ရဖြစ်ပြီး နယ်ခရီးသွားလာနိုင်ရမည်။

**(2) Sales Man** — **Male (4) Post**

ယာဉ်မောင်းလိုင်စင်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ နယ်ခရီးသွားလာနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အသက်(၂၀) မှ (၂၅)အတွင်း ဖြစ်ရမည်။

**(3) Driver** — **Male (1) Post**

အသက်(၂၅)နှစ်နှင့် အသက် (၃၅)နှစ်ကြားဖြစ်ရမည်။ ရုံးချိန်မှာ နံနက်(၇း၀၀) နာရီမှ ညနေ(၇း၀၀)နာရီအထိဖြစ်သည်။ အော်တိုဂီယာကျွမ်းကျင်စွာမောင်း နှင်နိုင်ပြီး ကားအကြောင်း ကျွမ်းကျင်နှံ့စပ်စွာသိရှိသူဖြစ်ရမည်။ ကျန်းမာရေး ကောင်းမွန်ပြီး လိုအပ်လျှင် အချိန်ပိုဆင်းနိုင်၍ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အရက်၊ဆေးလိပ်၊ကွမ်းစားသုံးသူမဖြစ်စေရ။ မန္တလေးမြို့တွင်းနေထိုင်သူဖြစ်ပြီး အခြေခံပညာအလယ်တန်းအဆင့်ထိ ပညာ သင်ယူဖူးသူဖြစ်ရမည်။

**(4) Office Staff** — **Male (1) Post**

အသက်(၁၈)နှစ်နှင့်(၂၅)နှစ်ကြားဖြစ်ရမည်။ အခြေခံပညာအထက်တန်း အဆင့်ရှိရမည်။ဆိုင်ကယ်ကျွမ်းကျင်စွာစီးတတ်ပြီး ယာဉ်မောင်းလိုင်စင်ရှိရ မည်။ အကျင့်စာရိတ္တကောင်းမွန်မှုရှိပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ အကျင့်စာရိတ္တကောင်း မွန်ကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ ယာဉ်မောင်းလိုင်စင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ Human Resource & Organization Development ဌာနသို့ CV များကို (၇)ရက်အတွင်း လာရောက်ထုတ်ယူပြီး လျှောက်ထားနိုင်ပါ သည်။ မရွေးချယ်ဖြစ်သော လျှောက်လွှာများအား ပြန်လည်ပေးမည်မဟုတ်ပါ။

**အမှတ်(၁၉၁)၊ ၂၇လမ်း၊ ၈၁×၈၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဆက်သွယ်ရန်ဖုန်း-၀၂၆၀၇၃၉၅၁၊ ၀၂၆၀၃၃၆၅၀၊ ၀၂၆၀၆၁၅၉၆**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ အုပ်စု၊ အလယ်ရပ်နေထိုင်သူ ဦးမြင့်စိုး(ဘ) ဦးတကီ(၉/အမရ (နိုင်)၀၅၂၄၄၄)ကိုင်ဆောင်သူ လုပ်စားပိုင်ဆိုင်ခွင့်ရ ဘုံးအိုးကွင်း၊ ကွင်းအမှတ်(၆၂၀)၊ ဦးပိုင်အမှတ်(၈၉)၊ ဧရိယာ(၂.၀၀)ဧက ဦးမြင့်စိုး ပုံစံ-၇အမည်ပေါက် (ကိုင်း)မြေစာအုပ်မူရင်း ပျောက်ဆုံး သွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက် လိုပါက အောက်ပါလိပ်စာသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

**ဘုံးအိုးကျေးရွာ၊ အလယ်ရပ်၊ အမရပူရမြို့နယ်။**

**၀၉-၉၆၉၇၀၄၇၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်မြို့၊ ပြည်လုံး နိုင်ရပ်ကွက်နေ ကျွန်မ ဒေါ်ထားရွှေအောင် ၏သမီး ဖြစ်သူ **မအိမ့်ကြေးမုံ (၉/ကဆန(နိုင်)၁၉၀၈၆၀)** သည် မိခင်နှင့်ဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါ သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ထားရွှေအောင် (၉/ကဆန(နိုင်)၁၀၁၉၂၀)**

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ ဇွဲပြည့်ကျော်(ဘ) ဦးအေးကျော် (၁၄/ပတန(နိုင်)၂၂၄၈၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-500292)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၆၇၀၅၆၇၈၉၃

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ ချစ်မိုးအောင်(ဘ) ဦးတင်ကြည် (၁၄/ပတန(နိုင်)၁၂၂၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-512859)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၀၉၄၂၅၄၇၂၇

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ဆင်လမ်းရွာသစ်နေ ဒေါ်ရီသာ (ဘ) ဦးခရစ္စနား ဗဟာဒူး (၉/ပဥလ(နိုင်)၀၁၆၈၉၇) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-043879) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ **၀၉-၆၆၀၇၀၅၃၀၀**

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မောင်သန်းဇော်(ဘ) ဦးသိန်းနိုင် (၅/ကနန(နိုင်)၁၂၂၈၄၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-000517)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၉၇၆၂၃၃၀၆၆

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ ခင်မင်းထွန်း (ဘ) ဦးခင်မောင်ရွှေ (၅/ကနန(နိုင်)၀၇၆ ၂၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-135720)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၄၄၄၃၀၂၇၄၃

### ပျောက်ဆုံးကြောင်း

ခင်ဦးမြို့နေ မအေးနုကြည် (ဘ) ဦးမောင်မောင်အေး (၅/ခဥတ(နိုင်)၂၉၉ ၂၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-301331)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၄၂၆၈၁၈၁၄၉

### ပျောက်ဆုံးကြောင်း

မုံရွာမြို့နေ သန့်ဇော်ဝင်း (ဘ) ဦးမင်းမင်းစိုး (၁၄/ပသန(နိုင်)၂၉၆ ၆၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-388725)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၆၈၀၇၄၆၂၄၃

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်း ရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါး၊ လက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည် တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာအခိုင်အမာဖြစ်စေပါလိမ့်မယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၆)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၄-၁-၂၀၂၄**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

**၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

**၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိသည်ကို တွေ့ရစဉ်။**

**နေပြည်တော် ဇွန် ၂၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင်မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

## ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများ သိရှိစေရန် အသိပေးသတင်းထုတ်ပြန်

၁။ မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုက တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများတိုးမြှင့်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀-၆-၂၀၂၄ ရက်မှစ၍ နိုင်ငံပိုင်ဘဏ်များဖြစ်သော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ကို အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့ကန့်သတ်မှုစာရင်းတွင် ထည့်သွင်းသတ်မှတ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိပါသည်။

၂။ နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ဝန်ဆောင်မှုပေးရာတွင် စနစ်တကျ၊ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အမေရိကန်အခြေစိုက်ဘဏ်များတွင်လည်းကောင်း၊ အမေရိကန်ဘဏ်များ၏ ဘဏ်ခွဲများတွင်လည်းကောင်း၊ နိုင်ငံပိုင်ဘဏ်များ၏ နိုင်ငံခြားငွေစာရင်းများဖွင့်လှစ်ဆောင်ရွက်နေခြင်းမရှိသည့်အတွက် ငွေကြေးဆုံးရှုံးမှုမရှိနိုင်ဘဲ နိုင်ငံခြားငွေနှင့် ကုန်သွယ်ငွေပေးချေမှုဝန်ဆောင်မှုများကို စနစ်တကျဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ယခင်ကာလများကလည်း အလားတူအရေးယူပိတ်ဆို့မှုများတွေ့ကြုံခဲ့ရသော်လည်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့သည် နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးရပ်တန့်မှုမရှိဘဲ စနစ်တကျဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ယခုထွက်ပေါ်နေသည့် သတင်းများနှင့်ပတ်သက်၍ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သည့်မိတ်ပြည်သူများအနေဖြင့်

**စာမျက်နှာ ၂၁ ကော်လံ ၁ ❑**

